ကြေးမုံ
The Mirror
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ (31-5-2009) (၆၀၅၅)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ကျင်းပမည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အဖြစ် ကျင်းပမည့် နှစ်နိုင်ငံချင်း ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ် အစည်းအဝေးများသို့ တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပမည့် အာဆီယံ-ကိုရီးယားဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မေ ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ လီမြောင်ဘတ်၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ကျင်းပမည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက် ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအဖြစ် ကျင်းပမည့် နှစ်နိုင်ငံချင်း ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ် အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ ညနေ ၄ နာရီတွင် အထူးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** *

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးကျွန်း၌ ကျင်းပမည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများအဖြစ် ကျင်းပမည့် နှစ်နိုင်ငံချင်း ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-ကိုရီးယား အမှုဆောင်အရာရှိချုပ် အစည်းအဝေးများသို့ တက်ရောက်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၃၁-၅-၂၀၀၉
(တနင်္ဂနွေနေ့)

ကွဲ၊ နွားများ ခွာနာလျှာနာရောဂါ ကြိုတင်ကာကွယ်

မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးကို အခြေပြုသည့် စီးပွားရေးဘဝကို ဖန်တီးဖော်ဆောင်နေသည်။ တောင်သူလယ်သမားများအနေဖြင့် ယခင်က စပါးကို မိုးရာသီတွင် တစ်ကြိမ်သာ စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်လျက်ရှိသည်။ မိုးစပါး၊ နွေစပါးအပြင် မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ ချည်မျှင်ရှည်ဝါ၊ ပြောင်းနှင့် ကြံတို့ကိုလည်း တိုးချဲ့စိုက်ပျိုးနေကြသည်။

ယခုအချိန်သည် မိုးရာသီ စပါးစိုက်ပျိုးချိန်သို့ ရောက်ရှိလာ ပြီဖြစ်ရာ လယ်ယာလုပ်ငန်းခွင် အထောက်အကူပြုနေသည့် ကွဲ၊ နွားများ ရောဂါမကျရောက်ရေး ဂရုပြုကြရမည်ဖြစ်သည်။ ရာသီအကူးအပြောင်းနှင့် မိုးရာသီ စိုစွတ်သောကာလများတွင် ခိုင်းကွဲ၊ ခိုင်းနွားများ ခွာနာလျှာနာရောဂါ ဖြစ်ပွားတတ်သည်။

ခွာနာလျှာနာရောဂါသည် ပိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်ပြီး ကွဲ၊ နွားများတွင်သာမက သိုး၊ ဆိတ်၊ ဝက် စသည့် အိမ်မွေးတိရစ္ဆာန်များ၊ တောရိုင်း ခွာကွဲတိရစ္ဆာန်များတွင်ပါ ဖြစ်ပွားနိုင်သည်။ အဆိုပါရောဂါသည် ကူးစက်မှုမြန်ပြီး တိရစ္ဆာန်ငယ်များတွင် သေဆုံးသည်အထိ ပြင်းထန်သည်။ ခိုင်းကွဲ၊ ခိုင်းနွားများ ရောဂါဖြစ်ပါက လုပ်ငန်းခွင်မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျော့ခြင်း၊ နို့ထွက်နှုန်းလျော့ကျခြင်းများ ဖြစ်စေသည်။

ကွဲ၊ နွားများတွင် ခွာနာလျှာနာဖြစ်သောအခါ ကိုယ်အပူချိန် တက်ခြင်း၊ လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများ ဖြစ်ပေါ်ခြင်း၊ အရည်ကြည်ဖုများ ပေါက်ကွဲကာ အနာများဖြစ်လာခြင်း၊ လျှာ၊ ပါးစပ်များမှ သွားရည်များကျလာခြင်း လက္ခဏာများကို တွေ့ရမည်ဖြစ်သည်။ ရောဂါစတင်ဖြစ်ပွားပြီး နှစ်ရက်ခန့် အကြာတွင် လျှာအရေပြားကွာလာခြင်း၊ အစာမစားနိုင်ခြင်း၊ လျှာနှင့် ခွာများတွင် အနာပေါက်ခြင်းနှင့် လမ်းမလျှောက်နိုင်ခြင်းတို့ကို တွေ့ရမည်ဖြစ်သည်။

ကွဲ၊ နွား ခွာနာလျှာနာရောဂါသည် တိရစ္ဆာန်အသွေးချင်း၏ သွားရည်၊ ဆီး၊ ဝမ်း၊ နှာရည်များမှ ကူးစက်နိုင်သည့်အပြင် ကွဲ၊ နွား ကိုင်တွယ်သူများမှတစ်ဆင့်လည်း အခြားတိရစ္ဆာန်များသို့ ကူးစက်နိုင်သည်။ ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ခြံလှောင်၍ သီးခြားပြုစုကုသခြင်း၊ အာဟာရဖြစ်စေနိုင်သော အစားအစာများ ကျွေးမွေးခြင်း၊ ရောဂါဖြစ်နေသောတိရစ္ဆာန်၏ အစာအကြွင်းအကျန်များကို သီးခြားစုပုံ၍ ထုံးဖြူးခြင်း၊ ခြံသုံး ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပတ်ဝန်းကျင်တွင် ထုံးဖြူးပိုးသတ်သန့်စင်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် ယခုကဲ့သို့ စွတ်စိုရိုဆိုင်းမှိုင်းသော မိုးရာသီတွင် ကွဲ၊ နွားများ ခွာနာလျှာနာရောဂါ မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေးထိုးပေးခြင်း၊ ရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့သို့ ဆောလျင်စွာ သတင်းပေးပို့ခြင်း၊ ရောဂါဖြစ်ပွားသော ကွဲ၊ နွားများအား စနစ်တကျကုသခြင်းတို့ကို ဂရုပြု ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

မေ ၃၀ ရက်က စစ်ကျောင်းမြို့နယ်ရဲတပ်ဖွဲ့စခန်းရှိ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မွမ်မံသင်တန်းကျောင်း ရဲကျော်စွာခန်းမ၌ကျင်းပသည့် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင် သားသမီး ကျောင်းသားကျောင်းသူများအတွက် အလှူရှင်များမှ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲတွင် အလှူရှင် ဦးဝင်းလွင် (ကျော်သာကုမ္ပဏီ) နှင့် အလှူရှင် ဒင်ဦးတို့က ကျောင်းသုံးစာရေးကိရိယာနှင့် ကျောင်းဝတ်စုံ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၈၆၀၀၀ ကို ပညာသင်ထောက်ပံ့စရိတ်အဖြစ် ပေးအပ်လှူဒါန်းကြရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မိုင်ညီ လက်ခံစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ည့ှဲအဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ဂျပန်နိုင်ငံ JFE Engineering Corporation မှ အထွေထွေမန်နေဂျာ Mr. Masyuki SEIKE နှင့် အဖွဲ့သည် မေ ၂၈ ရက် ညဥ့်နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး တံတားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ဂျပန်နိုင်ငံ JFE Engineering Corporation မှ အထွေထွေမန်နေဂျာ Mr. Masyuki SEIKE နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။
(ဆောက်လုပ်ရေး)

ဒုတိယဝန်ကြီး ဒေါက်တာမြဦး မန္တလေးတိုင်း မြို့နယ်အချို့၌ ကျန်းမာရေးတောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မေ ၂၆ ရက်တွင် မန္တလေးတိုင်း မြို့နယ်အချို့၌ ရောင်ရောက်မှုအခြေအနေနှင့် ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကမ္ဘာ့လူတဝက်ကွေးကဲရောဂါ တားဆီးတုံ့ပြန်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရွေးဦးစွာ ဒုတိယဝန်ကြီးသည် တံတားဦး ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများကို တင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်သူများအတွက် ဆေးဝါးဖိုးပေါ် အရေးပေါ် သဘာဝဘေး ဆေးသေတ္တာများနှင့် အိမ်သာခွက်များ၊ အိမ်သာဆောက်လုပ်ရန်နှင့် ရေတွင်းရေကန်များ ပိုးကင်းစင်ရန် အတွက် ဆောင်ရွက်ရန် လိုအပ်သော နည်းပညာများပါဝင်သည့် လက်ကမ်းစာစောင်များကို သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာနမှူးအား ပေးအပ်ခဲ့ပြီး တံတားဦးဆေးရုံ၏ ခွဲစိတ်ခန်း၊ လူနာဆောင်များ၊ သီးသန့်လူနာခန်း၊ ဆေးသို့ လှောင်ခန်းနှင့် သားဖွားခန်းတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်ဆည်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသေးဝင်များနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးက ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေ မှုများကို တင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည်ဆေးပါး ၂၈မျိုးပါ အရေးပေါ်သဘာဝဘေး ဆေး သေတ္တာများ၊ အိမ်သာခွက်များနှင့် အိမ်သာဆောက်လုပ်ရန်နှင့် ရေတွင်း ရေကန်များ ပိုးကင်းစေရန် အတွက် ဆောင်ရွက်ရန် လိုအပ်သောနည်းပညာ များပါဝင်သည့် လက်ကမ်းစာစောင်များကို သက်ဆိုင်ရာ ခရိုင်ကျန်းမာရေးဌာနမှူး အား ပေးအပ်ပြီး ကျောက်ဆည်ဆေးရုံ၏ သီးသန့်လူနာဆောင်ပြုလုပ်မည့် နေရာ၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို အသေး စိတ်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် တံတားဦးပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အကြိုအခြေခံ မီးသတ်ပညာသင်တန်းဆင်း

ရန်ကုန် မေ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် မေ ၂၆ ရက်တွင် စစ်ကိုင်းတိုင်း တန်ဆည်မြို့ရှိ မြို့နယ်အကူးကစားကွင်း၌ကျင်းပသည့် အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးသော အကြိုအခြေခံ မီးသတ်ပညာ(လက်နက်ပါ)သင်တန်းအမှတ်စဉ် (၂/၂၀၀၉)ဆင်းပွဲ အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူ သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ထို့အပြင် ညွှန်ကြားရေးမှူးချုပ်သည် စစ်ကိုင်း၊ မြင်းမူ၊ ချောင်းဦး၊ မုံရွာ၊ အလုံတပ်မြို့၊ ဘုတလင်၊ ဒီပဲယင်း၊ တန်ဆည်၊ ရွှေဦး၊ ခင်ဦးနှင့် ရွှေတိုမြို့ မီးသတ်စခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

* ရွှေဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ် ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာကိုရီးယားသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Chung In-Gyun နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုတင်ထွက်ခွာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြပြီး အဖွဲ့ဝင်ဖြစ်သည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် မေ ၂၇ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံသို့ ကြိုတင်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မကွေးတက္ကသိုလ် ပင်မအဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မကွေးတိုင်း ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

မကွေးမြို့ရှိ တက္ကသိုလ်များကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မေ ၂၈ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းအဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများက ဆောက်လုပ်ရေး၊ စည်ပင်သာယာရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အေးချမ်းသာယာပြီး ဝေတီမဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရာတွင် မျိုးချစ်စိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မကွေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး မကွေးတက္ကသိုလ်သို့ ရောက်ရှိ၍ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် တည်ဆောက်ဆဲ မကွေးတက္ကသိုလ် ပင်မအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး သင်ကြားရေးဆေးရုံ (မကွေး)သို့ ရောက်ရှိ၍ ဆေးတက္ကသိုလ် (မကွေး)မှ ကျောင်းသားများ၏ လက်တွေ့ စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်း ဆောင်ရွက်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ဆေးတက္ကသိုလ် (မကွေး) သို့ ရောက်ရှိ၍ စာသင်ခန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအရ ကျောင်းသားများ ပိုမိုတိုးတက်ရရှိနိုင်ရေးအတွက် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မကွေးမြို့နယ်အတွင်းရှိ မြေပဓိနှင့် အခြားသီးနှံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် နတ်မောက်မြို့သို့ ရောက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နတ်မောက်မြို့နယ်အတွင်းရှိ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့အင်္ဂါရပ်နှင့် ညီညွတ်အောင် ဆောင်ရွက်ရေးတို့ အတွက် လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နတ်မောက်တပ်နယ်ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ စစ်သည်များ၊ မိသားစုဝင်များအား တွေ့ဆုံ၍အမှာစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများကိုပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် နတ်မောက်-ပျော်ဘွယ် လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းအတိုင်း မော်တော်ယာဉ်ဖြင့် ထွက်ခွာလာရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည် ရောက်ရှိသည်။

(သတင်းစဉ်)

အင်္ဂါဂြိုဟ် လေ့လာမည့် အာကာသယာဉ်
တရုတ်သိပ္ပံပညာရှင်များ စမ်းသပ်

ရွှန်ဟိုင်း မေ ၃၀

တရုတ်နိုင်ငံသည် အင်္ဂါဂြိုဟ်အား လေ့လာနိုင်ရန် မောင်းသူမဲ့အာကာသယာဉ်တစ်စင်းကို စမ်းသပ်မှုများပြုလုပ်ခဲ့ရာ အောင်မြင်မှုရရှိသဖြင့် ယင်း အာကာသယာဉ်ကို အစီအစဉ်အတိုင်း လွှတ်တင်သွားမည်ဖြစ်ကြောင်း ရှန်ဟိုင်းမြို့ရှိ အာကာသယာဉ်ပျံသန်းမှု နည်းပညာအကယ်ဒမီက ယနေ့တွင် ပြောကြားသည်။

အင်္ဂါဂြိုဟ်လေ့လာရေး အာကာသယာဉ်ကို ယင်ဟို-၁(Yinghuo-1)ဟု အမည်ပေးထားပြီး ယခုနှစ် နှောင်းပိုင်းတွင် ရုရှားနိုးပျံယာဉ်ဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း၊ အဆိုပါအာကာသ စူးစမ်းလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် အနီးဝန်းကျင်ရှိ ပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိရန် မိုင်ပေါင်း ၂၄၆သန်းအထိ ခရီးနှင်ရမည်ဖြစ်ကြောင်း၊ ၁၀လကြာ ပျံသန်းပြီးနောက် ၂၀၁၀ပြည့်နှစ်တွင် ယင်းပတ်လမ်းသို့ ရောက်ရှိမည်ဖြစ်ကြောင်း အာကာသယာဉ်ပျံသန်းမှုနည်းပညာ အကယ်ဒမီက ပြောကြားသည်။

တရုတ်ဘာသာစကားအရ ယင်ဟို ဟူသော ဝေါဟာရသည် ပြီးစုန်းကြူး၏ အလင်းရောင်ဟု အဓိပ္ပာယ်ရရှိသည်။ တရုတ် အာကာသသိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ်၏ ရာသီဥတုကို လေ့လာနိုင်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲများကို လေ့လာရန် စီစဉ်ထားသည်။

ယင်ဟို-၁ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို ပတ်လမ်းကြောင်းမှနေ၍ သုတေသနပြု လေ့လာမည်ဖြစ်ပြီး ယင်း ဂြိုဟ်၏ မျက်နှာပြင်ပေါ်သို့ ဆင်းသက်မည်မဟုတ်ကြောင်း အဆိုပါ အကယ်ဒမီ၏ ပြောရေးဆိုခွင့်ရှိသူ ကျန်ဝေကျွင်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် အင်္ဂါဂြိုဟ် လေ့လာရေး မောင်းသူမဲ့အာကာသယာဉ် စေလွှတ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

အင်္ဂါဂြိုဟ်သည် နေမှုရေတွက်လျှင် စတုတ္ထမြောက်ဂြိုဟ် ဖြစ်သည်။ ယင်း ဂြိုဟ်၏ အလွှယ်အစားမှာ ကမ္ဘာဂြိုဟ်၏ ထက်ဝက်ခန့်မျှသာရှိပြီး ကမ္ဘာမှက်နှာပြင်ဧရိယာ၏ လေးပုံတစ်ပုံခန့်သာ ကျယ်ဝန်းသည်။ သို့ရာတွင် အင်္ဂါဂြိုဟ်ပေါ်တွင် မည်သည့် ပင်လယ်သမုဒ္ဒရာမျှ မတည်ရှိသဖြင့် ယင်း ဂြိုဟ်မျက်နှာပြင်ဧရိယာ စုစုပေါင်းမှာ ကမ္ဘာကုန်းမြေဧရိယာတမျှ ကျယ်ဝန်းကြောင်း သိရသည်။

အင်္ဂါဂြိုဟ်၏အရောင်မှာ အနီရောင် ဖြစ်သဖြင့် ဂြိုဟ်နီဟုလည်း ခေါ်တွင်သည်။ ရှေးဟောင်း ရောမလူမျိုးတို့က အင်္ဂါဂြိုဟ်ကို စစ်နတ်ဘုရားအဖြစ် သတ်မှတ်ခဲ့သည်။အင်္ဂါဂြိုဟ်၏ အရောင်အသွေးနီမြန်းရခြင်းမှာ အနီရောင် သံအောက်ဆိုဒ် အများအပြား စုဝေးနေခြင်းကြောင့် ဖြစ်သည်။

အင်တာနက်မှ

ကမ္ဘာ(၀)နှင့် အင်္ဂါဂြိုဟ်တို့ကို နှိုင်းယှဉ်တွေ့မြင်ရစဉ်။

(ဓာတ်ပုံ - အင်တာနက်)

ဘာသာဖြန် - တက်လူ

ဗလားဝါးနယူးစ်ဂျာနယ် အတွဲ (၅) အမှတ် (၂၀) ဖြန်ချိ

ရန်ကုန် မေ ၃၀

ယခုတစ်ပတ်ထုတ် ဗလားဝါးနယူးစ်ဂျာနယ် အတွဲ (၅) အမှတ် (၂၀)၌ နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ဒေသကြီးများအတွက် အိတလီအစိုးရက ကန်ဒေါ်လာ ငါးသန်းကျော် ထောက်ပံ့မည့် သတင်းနှင့်အတူ နည်းပညာအသစ် ရှာဖွေတွေ့ရှိမှု 'အင်ဂျင်အား ၈၀၀၀ စီစီရှိ ကားကြီးများ ရေဘတ်ငွေ့ဖြင့် စမ်းသပ်မောင်းနှင်' Myanmar Discovery ၊ စာပေရသခံစားလိုသူများအတွက် ဆရာမန်းတင်၏ "ရွေးကောက်ပွဲ" Myanmar Channel ၊ ခေတ်ပေါ်နည်းပညာနှင့် ဂိမ်းများအကြောင်း လေ့လာလိုသူများအတွက် 'X-MEN ORIGINS WOLVERINE ဂိမ်းသုံးသပ်ချက်' Tech VIEW ကဏ္ဍာ မြန်မာ- အိန္ဒိယနယ်စပ်ဈေးများ ဖွင့်လှစ်ရန် စီစဉ်၊ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးမှုအန္တရာယ် စာသင်ကျောင်းများ၌ ပညာပေး မြန်မာဝန်ထမ်းများကို ကုတိတ်မှ တိုက်ရိုက်လာရောက်ခေါ်ယူ၊ လက်ဖက်တွင် ဓာတုဆိုးဆေး အသုံးပြုတော့မည်မဟုတ်ဟု လက်ဖက်တောင်သူများ ကတိပြု စသည်ပြည်တွင်းရေးရာ သတင်းများနှင့်အတူ "တားမြစ်အစားအစာတွေကို မရောင်းချဖို့ သဘောတူမှ ကျောင်းတွင်းဈေးရောင်းခွင့်ကို ခွင့်ပြုသွားမှာဖြစ်ပါတယ်" ရန်ကုန်တိုင်း ကျောင်းကျန်းမာရေး ဆရာဝန်ကြီး ဒေါက်တာခင်ဝေရီနှင့် ဗလားဝါးနယူးစ်ဂျာနယ်တို့ တွေ့ဆုံမေးမြန်းခြင်း၊ ရိုးရိုးသားသား စီးပွားရှာကြသူများ၊ အရည်အသွေးအာမခံချက်ကဲ့သို့သော ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

ဘာရေတိုဘားမားရေး၍ မြင့်နောင်ပိုး ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ (၂၅)'၊ 'သံခင်းတမန်ခင်း ဆောင်ရွက်မှုအပေါ်မှာ စိတ်ရည်သည်းခံဖို့လိုအပ်တယ်' အီရန်ဆိုင်ရာ ဧရာပင်ဆွေးနွေးသူဟောင်း နစ်ကိုးလက်စ်ဘန်းစ်နှင့် စပီဂဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ နိုင်ငံရပ်ခြားလုပ်သားတို့၏ ငွေလွဲပေးမှုက ဖိလစ်ပိုင်၏ စီးပွားရေးကို ဖြည့်စွမ်းပေးလျက်ရှိ၊ အိန္ဒိယအစိုးရသစ်၏ လုပ်ငန်းစဉ်မှာ စီးပွားရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် လူအချင်းချင်း ပေါင်းစည်းရေးဖြစ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမည့်သူအား လမ်းသွားလမ်းလာတစ်ဦးက တံတားပေါ်မှတွန်းချ၊ ပန်းရောင်ဘောင်းဘီတိုတစ်ဖြင့် တိုက်ပွဲဝင်ခဲ့သော အမေရိကန်စစ်သားလေး အမျိုးသမီးများကြား ရေပန်းစားနေ၊ ကာကွယ်ရေးဝန်ကြီးက အမျိုးသမီးစစ်သည်များအား ရှေ့တန်းစစ်မြေပြင်တွင် တာဝန်ထမ်းဆောင်ခွင့် ပြုရန်အသင့်ရှိ စသည့်နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ပုံးပေါက်ကွဲမှု ဖြစ်ပွားသွားသောနေရာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်တွင် အသေခံပုံးခွဲ၊ အရပ်သားနှစ်ဦးသေဆုံးပြီး နိုင်ငံစုံတပ်ဖွဲ့ ဝင် နှစ်ဦးဒဏ်ရာရ

ကဘူး မေ ၃၀

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ဂါဇာနီပြည်နယ်တွင် မေ ၂၇ ရက်က နိုင်ငံစုံ တပ်ဖွဲ့ဝင်များကို အသေခံပုံးခွဲတိုက်ခိုက်ရာ အရပ်သားနှစ်ဦးသေဆုံးပြီး နိုင်ငံစုံတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

မေ ၂၇ ရက် ညနေ ၆ နာရီအချိန်၌ ဂီလန်ခရိုင်တွင် နိုင်ငံစုံတပ်ဖွဲ့ဝင်များ၏ ယာဉ်တန်းအနီး ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်လာသောကားဖြင့် အသေခံဖောက်ခွဲရေးသမား ဖောက်ခွဲလိုက်ကြောင်း၊ အမျိုးသမီးတစ်ဦး အပါအဝင် အရပ်သား နှစ်ဦးသေဆုံးပြီး နိုင်ငံစုံတပ်ဖွဲ့ဝင် နှစ်ဦးဒဏ်ရာရရှိကြောင်း၊ ထင်းတို့သည် မည်သည့်နိုင်ငံသားများ ဖြစ်ကြောင်းကိုမူ သေချာစွာမသိရှိရသေးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူးက ဆင်ယွာသတင်းဌာနသို့ ပြောကြားသည်။

နိုင်ငံစုံ တပ်ဖွဲ့ဝင်အများစုသည် နေတိုးဦးဆောင်သော နိုင်ငံတကာ အထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) မှဖြစ်ပြီး ဂါဇာရီပြည်နယ်၏ လုံခြုံရေးတည်ငြိမ်မှုအတွက် တာဝန်ပေးအပ်ခြင်း ခံထားရသူများဖြစ်သည်။ ယခုတိုက်ခိုက်မှုသည် ဒုတိယအကြိမ်ဖြစ်ပြီး လွန်ခဲ့သော နှစ်ရက်ကျော်က တစ်ကြိမ်တိုက်ခိုက်ခံခဲ့ရသည်။ မေ ၂၆ရက်ကလည်း ကာဗိဆာပြည်နယ် အရှေ့မြောက်ဘက်တွင် အလားတူ တိုက်ခိုက်ခံရမှုကြောင့် နိုင်ငံစုံတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသည်။

အင်တာနက်။

အီရန်နိုင်ငံ၌ မေ ၂၈ရက်က ပုံးပေါက်ကွဲသော အဆောက်အအုံအတွင်း တာဝန်ရှိသူများ လှည့်လည် ကြည့်ရှုနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲတွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၃၀၃ ဦးရှိ

ဝါရှင်တန် မေ ၃၀

အီရတ်နိုင်ငံတွင်းသို့ အမေရိကန်နှင့် အပေါင်းပါများ ကျူးကျော်ဝင်ရောက်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှစ၍ ၂၀၀၉ ခုနှစ် မေလ ၂၇ ရက်ထိ အီရတ်စစ်ပွဲတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ပေါင်းမှာ အနည်းဆုံး ၄၃၀၃ ဦးရှိပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ကိန်းဂဏန်းတွင် စစ်ဘက် တာဝန်ထမ်းဆောင်ရင်း သေဆုံးရသော အရပ်သားရှစ်ဦးလည်း ပါဝင်သည်။ တိုက်ပွဲအတွင်း သေဆုံးသူပေါင်းမှာ အနည်းဆုံး ၃၄၄၆ ဦးရှိကြောင်း စစ်ဘက်ဆိုင်ရာမှ စာရင်းဇယားများအရ သိရသည်။

ထို့ပြင် အပေါင်းပါ တပ်ဖွဲ့များမှ ဗြိတိန် ၁၇၉ ဦး၊ အီတလီ ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ ဦး၊ ဘူလ်ဂေးရီးယား ၁၃ ဦး၊ စပိန် ၁၀ ဦး၊ ဒိန်းမတ် ခုနှစ်ဦး၊ အယ်လ်ဆာလေးဒိုးဒီးဦး၊ ဆလို့ဗက်ကီးယားလေးဦး၊ လတ်ဗီးယားနှင့် ကျော်ဂျီယာ သုံးဦးစီ၊ အက်စ်တိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယား နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့မှတစ်ဦးစီ အသီးသီးသေဆုံးခဲ့ကြသည်။

အင်တာနက်။

ပါရာဂွေးနိုင်ငံ အာဆန်းချင်းမြို့ စာသင်ကျောင်းတွင် A/H1N1 တုပ်ကွေးရောဂါကို ကာကွယ်သည့် အနေဖြင့် ဆရာနှင့် ကျောင်းသားများ နှာခေါင်းစည်းများ ဝတ်ဆင်၍ ပညာသင်ကြားနေသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်က အကြမ်းဖက်သမားများကို ၄၁၅ အီရန်တွင် ပုံးခွဲစေခဲ့သည်ဟုဆို

တီဟီရန် မေ ၃၀

အီရန်နိုင်ငံတွင် ပြည်နယ်မြို့တော် ဇာဟီဒန်ရှိ အဆောက်အအုံတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန် ပြည်ထောင်စုသည်ပုံးဖောက်ခွဲရေးသမား များကိုင်းရှမ်းအသုံးချခဲ့သည်ဟုထိုပ်တန်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့ခဲ့ စွပ်စွဲပြောကြားသည်။

ပုံးဖောက်ခွဲမှုတွင် ပါဝင်သောအကြမ်း ဖက်သမားသုံးဦးတို့အား ဖမ်းဆီးရမိခဲ့ ပြီဖြစ်ကြောင်း ပြည်နယ်ဒုတိယအုပ်ချုပ် ရေးမှူးက ပြောကြားသည်။

ရရှိထားသောအချက်အလက်များအရ အကြမ်းဖက်တိုက်ခိုက်မှုများကို အမေ ရိကန်ပြည်ထောင်စုက ငှားရမ်းခဲ့သည် ဟု ဆိုသည်။ ဓာတ်ပုံဖွဲ့က ထိုပေါက်ကွဲမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယခုအချိန် အထိ မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ရှိကြောင်းကို ထုတ်ဖော်ပြော ကြားခြင်း မပြုသေးပေ။

အင်တာနက်။

အေဒင်ပင်လယ်ကွေ့တွင် အိန္ဒိယစစ်သင်္ဘောက ပင်လယ်ဓားပြများ တိုက်ခိုက်မှုရန်မှကာကွယ်

နယူးဒေလီ မေ ၃၀

အေဒင်ပင်လယ်ကွေ့တွင် ကြာသ ပတေးနေ့က အိန္ဒိယသင်္ဘောသားများ လိုက်ပါလာသော ကုန်သင်္ဘောတစ်စင်း ကို ပင်လယ်ဓားပြများက အပိုင်စီးရန် ကြိုးစားမှုအား အိန္ဒိယစစ်သင်္ဘော အိုင်အင်နိုအက်(စ်)သော်ငါက တားဆီး နိုင်ခဲ့ကြောင်း အင်ဒိုအေရှား သတင်းဌာန က ဖော်ပြသည်။

လိုက်သေးနီးယားအလံ လွှင့်ထူထား သောအမဲ့ခြံမတ်သင်္ဘောအနီးသို့ ပင်လယ် ဓားပြရွစ်ဦးသည် မော်တော်တစ်စင်းဖြင့် ချဉ်းကပ်လာသဖြင့် အကူအညီတောင်းခံ သည်ကို သော်ငါစစ်သင်္ဘော လက်ခံ ရရှိခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

စစ်သင်္ဘောကချက်ချင်းပင်ရဟတ်ယာဉ် တစ်စင်းနှင့် မော်တော်ဘုတ်အသေးစား များစလွှတ်၍ သင်္ဘောကို ဓားပြများ တိုက်ခိုက်ခြင်းမှကာကွယ်ရန် ဆောင်ရွက် ခဲ့သည်ဟု သတင်းတွင် ရေးသားထား သည်။

အင်တာနက်။

အီရန်အရှေ့တောင်ပိုင်းတွင် ပေါက်ကွဲမှုဖြစ် လူ ၂၀ ထက်မနည်းသေဆုံး

တီဟီရန် မေ ၃၀

ပါကစ္စတန်နယ်စပ်အနီး အီရန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် အဆောက်အအုံ တစ်ခုအတွင်း မေ ၂၈ ရက်က ပေါက်ကွဲမှု ဖြစ်ပွားသဖြင့် လူ ၂၀ ထက်မနည်း သေဆုံးပြီး အခြား ၅၅ ဦးကျော် ဒဏ်ရာ ရရှိသည်ဟု အီရန်ရုပ်မြင်သံကြား သတင်း က ထုတ်လွှင့်သည်။

ထိုအဖြစ်အပျက်သည် ဒေသစံတော် ချိန် ည ၇ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့ ခြင်းဖြစ်ပြီး အကြမ်းဖက်မှုဖြစ်သည်ဟု ပြည်နယ် အစိုးရအဖွဲ့က ပြောကြားသည်။

ဖြစ်စဉ်အား စုံစမ်းစစ်ဆေးလျက် ရှိကြောင်းနှင့် မည်သည့်အဖွဲ့အစည်းကမျှ ထိုင်းတို့၏လက်ချက်ဖြစ်သည်ဟု ထုတ် ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

အင်တာနက်။

နိုင်ငံတကာသတင်းမှတ်စု

ရာသီဥတု ပြောင်းလဲမှုကြောင့် တစ်နှစ် လူ ၃၁၅၀၀၀ သေဆုံးဟုဆို

ရာသီဥတုပြောင်းလဲခြင်းကြောင့် ဝတ်မှုတ်ခြင်း၊ နာမကျန်းဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များကျရောက်ခြင်းတို့ ဖြစ်ပွားရာ တစ်နှစ်လျှင် လူပေါင်း ၃၁၅၀၀၀ခန့် သေဆုံးပြီး ၂၀၃၀ပြည့်နှစ်၌ သေဆုံးသူစုစုပေါင်းမှာ သန်းဝက်အထိ တိုးမြင့်လာဖွယ်ရာရှိသည်ဟု ခန့်မှန်းထားကြောင်း သောကြာနေ့တွင် ဖော်ပြသည်။

ယိုနီဗာဖြို့ အခြေစိုက် ကမ္ဘာ့လူသားချင်းစာနာထောက်ထားရေးဖိုရမ် (ဂျီအိတ်ခ်အက်ဖ်)အဖွဲ့၏ လေ့လာချက်အရ ရာသီဥတုပြောင်းလဲမှုကြောင့် နှစ်စဉ် လူပေါင်း ၃၂၅ သန်းအား ဆိုးရွားစွာထိခိုက်ရကြောင်း သိရသည်။ လက်ရှိအခြေ အနေတွင် ကမ္ဘာလူဦးရေသည် ၆ ဒသမ ၇ ဘီလီယံခန့်ရှိသည်။ လာမည့်နှစ် ၂၀ အကြာတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ရသူအရေအတွက်သည် ကမ္ဘာ လူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထိရှိလာမည်ဟု ခန့်မှန်းထားကြသည်။

ကာတွန်ခိုင်အောက်ဆိုင်ဓာတ်ငွေ့များကြောင့် ကမ္ဘာအနှံ့အပူချိန်မြင့်တက်ရာ စီးပွားရေးဆုံးရှုံးမှုများ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၂၅ ဘီလီယံကျော် ရှိပြီး ချမ်းသာသောနိုင်ငံများမှ ဆင်းရဲသောနိုင်ငံများသို့ အကူအညီထောက်ပံ့ပေးမှု ပိုမိုကျဆင်းခြင်းနှင့် ၂၀၃၀ ပြည့်နှစ်၌ ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၃၄၀၀ထိ တိုးလာမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြသည်။ ယင်းသို့ဖြစ်ပွားမှုကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများက ပထမဆုံးရင်ဆိုင်ရကာ အဆိုးဆုံးထိခိုက်မေ့ဆဲ ဖြစ်ပြီး အဆိုပါ ဖြစ်ပွားမှုကို လျော့နည်းအောင်ပြုလုပ်နိုင်ခြင်းမရှိကြောင်း ဖော်ပြထား သည်။

ဘရာဇီး၌ တာတမံကျိုးပေါက် လေးဦးသေဆုံး

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ပီရာယိပြည်နယ်ရှိ ကိုကယိဒါအက်စတာယာ ယိုဖြို့ငယ်တွင် ရေကာတာတစ်ခု ကျိုးပေါက်မှုကြောင့် ဆယ်ကျော်သက်ရွယ် နှစ်ဦးအပါအဝင် လေးဦးထက်မနည်းသေဆုံးကြောင်း ကြာသပတေးနေ့က တာဝန် ရှိသူများက ပြောကြားသည်။

ရေကာတာကျိုးပေါက်မှုကြောင့် လူပေါင်း ၂၅၀၀ ထက်မနည်း အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ရကြောင်း၊ လွန်ခဲ့သောလအတွင်းက မိုးအဆက်မပြတ် ရွာသွန်းသော ကြောင့် ဖြစ်ပွားခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ပီရန်ဂျီမြစ်ရေသည် စတုရန်းကီလိုမီတာ ၅၀ အကျယ်ရှိ ဒေသတစ်ခုကို ရေလွှမ်းခဲ့ပြီး အိမ်ခြေ ၅၀၀ ခန့် ပျက်စီးခဲ့ရသည်။ ရေကာတာသည် လွန်ခဲ့သော တစ်လခန့်က ကွဲအက်လာခြင်း ကြောင့် ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ကိုင်စေခဲ့ပြီး အနီးနားဒေသရှိ မိသားစုများ အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းတွင် တာတမံကျိုးကျရာ ကယ်ဆယ်ရေး ဆောင်ရွက်နေ ကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပုန်ကိုင်းဒဏ်သင့်ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းဒေသ၌ ဝမ်းလျှောပြဖြစ်မှုများ

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အိုင်လာဆိုင်ကယလုန်းမုန်တိုင်းဒဏ်ခံရသော ကမ်းရိုး တန်းဒေသများတွင် သောက်ရေနှင့် အစားအစာရှားပါးမှုကြောင့် ဝမ်းလျှောရောဂါ ဖြစ်ပွားနေကြောင်း သောကြာနေ့ထုတ် စာများနေ့စဉ်သတင်းစာက ဖော်ပြသည်။

အဆိုးရွားဆုံးဖြစ်ပွားနေသော ဆတ်ကီရာနှင့် ကူလ်နာခရိုင်တို့တွင် ဝမ်းလျှောခြင်းကြောင့် နှစ်ဦးထက်မနည်းသေဆုံးပြီး လူ ၁၀၀ ကျော် ဝမ်းရောဂါခံစားနေရသည်ဟု ယင်းသတင်းစာက ဖော်ပြသည်။

နိုင်ဂျီးရီးယားစစ်လေယာဉ်ပျက်ကျ။ နှစ်ဦးသေဆုံး

နိုင်ဂျီးရီးယားနိုင်ငံ ကာဒူနာပြည်နယ်မြောက်ပိုင်းတွင် မေ ၂၈ရက်က နိုင်ဂျီး ရီးယားလေတပ်ပိုင် စစ်လေယာဉ်ပျက်ကျမှုကြောင့် အရာရှိနှစ်ဦးသေဆုံးကြောင်း လာဗွိစ်အခြေစိုက် သောကြာနေ့ထုတ် ဂါးဒီးယန်းသတင်းစာက ဖော်ပြသည်။

အဲဘီတယ်အခြေရှိ အဆိုပါလေယာဉ်ကို နိုင်ဂျီးရီးယားလေတပ်က လေ့ကျင့် မှုများ ပြုလုပ်ရာ၌ အဆုံးပြုသည်။ ယင်းလေယာဉ်သည် ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်က ပျက်ကျခဲ့ခြင်းဖြစ်ပြီး ပျက်ကျရသည့်အကြောင်းရင်းကိုလောလောဆယ် မသိရသေးဟုဆိုသည်။

စုစည်းတင်ပြသူ- စိုးစိုးနိုင်

ဝန်ကြီး ပိုလ်မှူးချုပ်သိန်းအောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေရာဝန်ကြီးဌာန ဝန်ကြီး၏ ဖိတ်ကြားချက်အရ သစ်တောရေရာဝန်ကြီးဌာန ဝန်ကြီး ပိုလ်မှူးချုပ်သိန်းအောင်သည် စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့ လိုက်ပါလျက် မေ ၂၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေရာဝန်ကြီးဌာန ဝန်ကြီး H.E Mr. Jia Zhibang နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ သစ်တောရေရာဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံ သစ်တောရေရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

စာရွက်စာတမ်းများပေးအပ်

ယင်းနောက် ဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ သစ်တောအဖွဲ့ (China International Forestry Group)မှ ဥက္ကဋ္ဌ Mr. Zhang Zhang De နှင့် တွေ့ဆုံဆွေးနွေးပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ သစ်တောအဖွဲ့က သစ်တောရေရာဝန်ကြီးဌာနသို့ လုပ်ငန်းသုံး ပစ်ကပ်ကား ၁၀စီး လျှပ်ခါန်းသည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဝန်ကြီးသည် မေ ၂၇ ရက်တွင် ကူမင်းမြို့ သစ်တောအုပ်ချုပ်ရေးဌာန အစည်းအဝေးခန်းမ၌ ယူနန်ပြည်နယ် သစ်တောအုပ်ချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Chen Yuhou ခေါင်းဆောင်သည့် သစ်တောအုပ်ချုပ်ရေးအဖွဲ့နှင့်လည်းကောင်း၊ ကူမင်းမြို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဧည့်ဂေဟာ၌ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကြေးမုံသတင်းစာ စာမျက်နှာ ၅

Mr. Kong Chuizhu၊ သစ်တောအုပ်ချုပ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဌာန၊ တောမီးငြိမ်းသတ်ရေးဌာန၊ သစ်တောပိုးမွှားရောဂါ ကာကွယ်ရေးဌာနတို့မှ တာဝန်ရှိခန့်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံပြီး နှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝတောများထိန်းသိမ်းရေး၊ ပြည်တွင်း သစ်အခြေခံတရုံများတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး၊ တရားဝင် သစ်များတိုးမြှင့်ရောင်းဝယ်ရေး၊ နယ်စပ်ဖြတ်ကျော် တရားမဝင် သစ်ခုတ်ယူသယ်ဆောင်မှု ပမျောက်ရေးနှင့် တောမီးလောင်ကျွမ်းမှု ပူးပေါင်းငြိမ်းသတ်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။

မြန်လည်ရောက်ရှိ

ဝန်ကြီးသည် မေ ၂၈ ရက်တွင် ကူမင်းမြို့ သစ်အခြေခံစက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာပြီး ညနေပိုင်းတွင် ပြန်လည်ရောက်ရှိလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း စည်ပင်ညွှန်မှူး ကော့မှူးနှင့် ကွပ်ဒိုကုန်းမြို့နယ် ဒရိုးရေလာကောင်းမွန်ရေးနှင့် ဧရိယာများစစ်ဆေး

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် မေ ၂၇ ရက်တွင် ကော့မှူးမြို့၊ မြို့သစ်ရပ်ကွက် ဝိုလ်ချုပ်လမ်းဘား ဝ၊ ယာရှိ ပင်မ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ကော့မှူးမြို့၊ မြို့မဝေးကြီး၊ ကော့မှူးမြို့နှင့် ထမ္မနိုင်ကျေးရွာ ဆက်သွယ်သည့် ကျောက်ချောလမ်းနှင့် ယင်းလမ်းပေါ်ရှိ သစ်သားတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးသည် ကွပ်ဒိုကုန်းမြို့၊ သုံးပန်လုလမ်းနှင့် ပဟိုဈေးလမ်းထောင့်ရှိ အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ ကွပ်ဒိုကုန်းမြို့၊ မြို့မဝေးကြီး၏ သား၊ ငါးတန်း၊ ကညင်ကောက်-မရမ်းကျေးရွာ ဆက်သွယ်ထားသော တောပုလွဲချောင်းပေါ်ရှိ ကညင်ကောက် ကြိုးတံတား ကြွိခိုင်မှုအခြေအနေနှင့် ကွပ်ဒိုကုန်းမြို့နှင့် မေတ္တာကျေးရွာ ဆက်သွယ်သည့် မြေသားလမ်းအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရန်နေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရန်နေ့ ဖြစ်သည်။

၂၀၀၉ခုနှစ် မေလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၃၁-၅-၂၀၀၉)ရက်နေ့

၂၀၀၉ ခုနှစ် ဇွန်လ အတွက်

(၁၄-၆-၂၀၀၉)ရက်နေ့

နှင့်

(၂၈-၆-၂၀၀၉)ရက်နေ့

ပြိုနယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၀

ပညာရေးဝန်ကြီးဌာန အမှတ် (၃) အခြေခံပညာဦးစီးဌာန ဗဟန်းမြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ကြီးဌာနက လျှပ်ါနိုးသော ငွေကျပ် ၁၃၀၀၀၀ တန်ဖိုးရှိ သူငယ်တန်းဖတ်စာအုပ် အစုံ ၇၀၀ ကို ပညာရေးဝန်ကြီးဌာနကိုယ်စား ပေးအပ်လျှပ်ါနိုးရာ ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်မြင့်ကြည်က လက်ခံသည်။

ထို့နောက် လူမှုရေးအသင်းအဖွဲ့များနှင့် ပညာရေးစေတနာရှင်များက လျှပ်ါနိုးသော အလျှူငွေကျပ် ၉၄၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများကို အလှူရှင်များကိုယ်စား ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကော်စီ အတွင်းရေးမှူးက ပေးအပ်လျှပ်ါနိုးရာ မြို့နယ်ပညာရေးမှူးက လက်ခံယူပြီး မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို ရပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဥတုရာသီ တောကို မီ၏

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၉ (တနင်္ဂနွေနေ့)

၁၃၇၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၆း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ဝရိတဝရုးတော်

၆း၂၅ ၂။ ကျန်းမာဖို့ အတူကစားမို့

၆း၃၀ ၃။ နံနက်ခင်းသတင်း

၆း၄၀ ၄။ ယဉ်ကျေးမိမှတ်(၃၈)ခြာမင်္ဂလာ

၆း၅၅ ၅။ သံသာချီအေးမင်္ဂလာတေး

၈း၀၅ ၆။ တေးသရုပ်ဖော်အစီအစဉ်

၈း၁၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားမိုးရာအက

၈း၂၀ ၈။ **"ဆေးလိပ်ဝင်းကွာ အနုပညာကဆွာ" (မင်းမော်ကွန်း၊ လွင်မိုး၊ ဇာနည်၊ ကင်းကောင်၊ စိုးဖြိတ်နန္ဒာ၊ ကြည့်လွှဲလွှဲဦး၊ လှအဥ္စလီတင့်၊ ဝွမ်းပုံ၊ ဇော)**

၈း၃၀ ၉။ International News

၈း၄၅ ၁၀။ တေးကိဿစီအစဉ်

၉း၀၀ ၁၁။အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁း၀၀ ၁။ စစ်သည်တေး

၁း၁၀ ၂။ တေးကိဿစီအစဉ်

၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူ ကျေးဇူးတော်သူ" (အပိုင်း-၅၀)**

၂း၃၅ ၅။ Golf Magazine (TV)

၂း၅၀ ၆။ **မြန်မာ့ရွှေဝှင်း "သီတာခုနစ်တန်" (ညွှန်ဝင်း၊ နေဇာ၊ ရဲဇောင်း၊ ဇင်မာဦး) [ဒါရိုက်တာ-မောင်နန္ဒ]**

၄း၂၅ ၇။ **"သူငယ်ချင်းမချိတဲ့ဥပဒေ" (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) [ဒါရိုက်တာ-မောင်နန္ဒ]**

၄း၅၅ ၈။ International News.

၄း၅၅ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၇း၃၅ ၁။ **Myanmar National League MNL-Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Southern Myanmar F.C နှင့် Delta United F.C)**

၉း၃၅ ၂။ တေးဂီတအစီအစဉ်

၉း၀၀ ၃။ ညနေခင်းသတင်း

၉း၃၀ ၄။ ပြီးလေဝသအခြေအနေ

၉း၃၅ ၅။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"

၉း၅၅ ၆။ **တစ်မျက်နှာတစ်တွက်စာ "ဆယ့်ငါးခိနစ်" (ခင်မောင်ချင်း၊ ချာလီ၊ ဒီနီးဒေါင်၊ ရာဇာပေါက်စီ၊ သုဇာပွင့်) [ဒါရိုက်တာ-ထင်ထင်း]**

၇း၁၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့သက်ထား" (အပိုင်း-၁၈)**

၈း၀၀ ၈။ ပြည်တွင်းသတင်း

၉။ နိုင်ငံတကာသတင်းများ

၁၀။ ပြီးလေဝသအခြေအနေ

၁၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၁၂။ **ကာတွန်းအစီအစဉ် "ဝိုင်ဖိုဆောမီသားစု စွန့်စားခန်း" (အပိုင်း-၁၂)**

၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကျေးဇူးတင်ပါတယ်" (အပိုင်း-၁၅)**

၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

၁၅။ အစီအစဉ်ပြီး၏။

ပဉ္စမအကြိမ် အသက်ရာကျော်ဘိုးဘွားများအား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၃၀

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ တည်ထောင်ခြင်း (၁၂)နှစ်ပြည့် အခမ်းအနားနှင့် ပဉ္စမအကြိမ် အသက်ရာကျော် ဘိုးဘွားများအား ပူဇော်ပွဲကို ဇူလိုင်လ တွင် မင်္ဂလာဗျူဟာအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်နံးမှ အသက်တစ်ရာနှင့်အထက် ဘိုးဘွားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အသက်ထင်ရှားရှိကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ထောက်ခံစာမူရပ်၊ ၄ လက်မ x ၆ လက်မ အရွယ် ဓာတ်ပုံ တစ်ပုံနှင့်အတူ ပူဇော်ပွဲ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိကို စာဖြင့်ရေးသား၍ အဖွဲ့ တည်ရှိရာ မင်္ဂလာဗျူဟာအသင်းချုပ် အာဇာနည်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူကာ ဇွန် ၁၁ ရက် ကြာသပတေးနေ့ နောက်ဆုံးထား ပေးပို့ကြရမည်ဖြစ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သောရည်ရွယ်ချက်များနှင့် လျော်ရွားဆောင်ရွက်မှုများအား ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ ၂၀၀၉ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲကို "မြန်မာအမျိုးသမီးဘဝဖြင့်တင်မှ လူမှုဘဝဖွံ့ဖြိုးရေ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "သိမ်မွေ့လှပ မြန်မာအမျိုးသမီးဘဝ" ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများအား စာလုံးရေ သုံးထောင်မှ ငါးထောင်အထိ ရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင် စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင် ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအကျဉ်း အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ ဓာတ်ခံကျေးဇူးနှမ္မ၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရှိကိုးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်ဝရာအမျိုးအစား မဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက် ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့ အရွယ် ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအကျဉ်း ချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်း ကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်းကောင်း ပြိုင်ပွဲကျင်းပနေရာကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနေ့ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

(သတင်းစဉ်)

ခြင်ဆေးပျန်းခြင်းဆောင်ရွက်

မေ ၃၀ ရက်က အထက(၂) ဗိုလ်တထောင်၌ ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ်ကာလ ကျောင်းဖွင့်အခါ ကျောင်းကျန်းမာရေးအတွက် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရန် စာသင်ခန်း၊ ကျောင်းပတ်ဝန်းကျင်များကို ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြစဉ်း

(ပညာရေး)

မြန်မာပြည်သား သမလီမိတက်စည်းဝေး

ရန်ကုန် မေ ၃၀

တာမွေမြို့နယ် မြန်မာပြည်သား အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု လီမိတက်၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် အသင်းရုံးခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်အသင်း ဥက္ကဋ္ဌ ဦးမြင့်ခိုင်၊ ရန်ကုန်တိုင်း အထွေထွေ စီးပွားရေးသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရဲအောင်(ငြိမ်း)တို့က အမှာစကား ပြောကြားကြပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှုင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာတို့ကို အသင်းအတွင်းရေးမှူး ဦးတင်ဦးလွင်က ဖတ်ကြားပြီး ရန်ကုန်တိုင်း သမဝါယမမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းခိုင်က ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင် ထောက်ပံ့ကြေး ငွေကျပ် ၁၃၅၀၀၀ ကို မြန်မာပြည်သား သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြသိန်းအား ပေးအပ်သည်။ **(ဝဲပုံ)**

(၀၈)

ဆေးလိပ်အန္တရာယ်ဆင်ခြင်ဖို့ ကျန်းမာရေးအတွက် သတိပေးစို့

ဒေါက်တာအောင်ထွန်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် နှစ်စဉ် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No Tobacco Day) အဖြစ်သတ်မှတ်၍ တစ်ကမ္ဘာလုံးတွင် ဆေးလိပ်တိုက်ဖျက်ရေးလှုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၉ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်မှာ ဆေးလိပ်အန္တရာယ်ဆင်ခြင်ဖို့ ကျန်းမာရေးအတွက် သတိပေးစို့ (Tobacco Health Warnings)ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ ကမ္ဘာ့ဆေးလိပ်သောက်သုံးမှုအခြေအနေ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ယခုအခါ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်းတစ်ထောင်ကျော်ရှိပါသည်။ ၎င်းသန်းတစ်ထောင်အနက် အများစုသည် အာရှတိုက်မှဖြစ်ကြပါသည်။ ဖွံ့ဖြိုးပြီး တိုင်းပြည်များသည် ဆေးလိပ်၏အန္တရာယ်ကို သိမြင်လာကြသည့်အလျောက် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ဖွံ့ဖြိုးဆဲတိုင်းပြည်များတွင် ဆေးလိပ်သောက်သုံးသူဦးရေ တိုးတက်များပြား လျက်ရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် လူငယ်များနှင့် အမျိုးသမီးငယ်များတွင် သိသာစွာတိုးတက်များပြားလာသည်ကို တွေ့ရှိရပါသည်။

အဆိပ်လိပ်

ဆေးလိပ်၏ အဓိးအဇ္ဈေများတွင် ဓာတ်ပစ္စည်းအမျိုးပေါင်း ၄၃၀၀ကျော် ပါဝင်သည်။ ၎င်းအထဲတွင် လူများကိုအန္တရာယ်ဖြစ်စေနိုင်သော(ကတ္တရာနီကို့ တင်း၊ ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယား)ဓာတ်များစွာပါဝင် ပါသည်။ အဓိကပါဝင်သောပစ္စည်းမှာ နီကိုတင်းဖြစ်၏။ လူကို အလွန်စွဲလမ်း စေသောအရာဖြစ်သည်။ နီကိုတင်း၏ စွဲလမ်းစေသော အာနိသင်ကြောင့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်၊ ဆေးရွက်ကြီးတို့ကို စတင်စမ်းသပ် သောက်သုံးကြည့်ရာမှ တဖြည်းဖြည်းပို၍စွဲလမ်းလာပြီး မသောက်ရမနေ နိုင်အောင်ဖြစ်လာကြသည်။

ဆေးလိပ်ကြောင့်ဖြစ်သောရောဂါများ

ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် စီးကရက်အမျိုးမျိုးသောက်ခြင်း၊ ကွမ်း ဆေးစားခြင်း၊ ဆေးရွက်ကြီးဝှေ့ခြင်းတို့ကြောင့် အောက်ပါရောဂါများ ဖြစ်ပွား နိုင်ပါသည်-

- နှလုံးသွေးကြောကျဉ်းခြင်း၊
- ရုတ်တရက်နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊
- အဆုတ်ပြွန်ရောင်ခြင်း၊
- အဆုတ်ကင်ဆာဖြစ်ခြင်း၊
- ပါးစပ်၊ လျာ၊ အစာပြွန်၊ လေမျိုပြွန်၀၊ ဆီးအိမ်ကင်ဆာနှင့် အခြားကင်ဆာများဖြစ်ပွားခြင်း၊
- ခြေပုပ်၊ လက်ပုပ်ရောဂါဖြစ်ခြင်း၊
- အမျိုးသားများတွင် အိမ်ထောင်ရေးသုခ အပြည့်အ၀မခံစားနိုင်ခြင်း(Impotency)။

အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်ဆေးလိပ်သောက်လျှင်

- သားပျက်သားလျှောခြင်း၊ သွေးလွန်ခြင်း
- လမစေ့ဘဲကလေးမွေးဖွားခြင်း
- မွေးရာပါချို့ယွင်းချက်ပါလာခြင်း
- မီးတွင်း ကလေးသေဆုံးခြင်း
- ပေါင်မပြည့်သော ကလေးမွေးဖွားခြင်း
- ကလေးခန္ဓာကိုယ် ကြီးထွားမှုနှေးကွေးခြင်း

ဆေးလိပ်သောက်သုံးသူ၏ ပတ်ဝန်းကျင်အန္တရာယ်

- ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် လသားကလေးငယ်များ ရုတ်တရက်သေဆုံးခြင်း၊ အဆုတ်ရောဂါဖြစ်ခြင်း။
- ကလေးများတွင် ရင်ကျပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ပိုခြင်း၊ အဆုတ်ပြွန်ရောင်ခြင်း။
- လူကြီးများတွင် နှလုံးရောဂါနှင့် အဆုတ်ကင်ဆာဖြစ်ခြင်း၊ ရင်ကျပ်ပန်းနာဖြစ်ခြင်းတို့ ဖြစ်ပွားစေသည်။
- ဆေးလိပ်သောက်သုံးသူ၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသည့်အတွက် ပတ်ဝန်းကျင်ရှိလူများကို ထိခိုက်စေသည်။
- အများပြည်သူနှင့်ဆိုင်သည့်နေရာများတွင် ဆေးလိပ်မသောက် သင့်ပါ။

မြန်မာနိုင်ငံဆေးလိပ်နှင့်ဆေးရွက်ကြီး ကင်းစင်ရေး ဆောင်ရွက်ချက်များ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း အမျိုးမျိုးဖြစ်သော စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ်စသည်တို့နှင့် ဆေးပါသောကွမ်းစားခြင်း၊ ဆေးရွက်ကြီးဝှေ့ခြင်းစာရွှိသော ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးသောက် သုံးခြင်းသည် လူငယ်လူရွယ်များနှင့် ပြည်သူများသိမြင်သဘောပေါက် ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးခြင်း လှုပ်ရှားမှုများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။

ထင်ရှားသော မှတ်တိုင်များအနေနှင့် ဆေးလိပ်ကြော်ငြာ ဆိုင်းဘုတ် များကိုကန့်သတ်ပိတ်ပင်တားမြစ်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များအားလုံးတွင် ဆေးလိပ်ကြော်ငြာများ ထည့်သွင်းခွင့်မပြုခြင်း၊ ဆေးရုံများ၊ ကျန်းမာရေး ဌာနများ၊ စာသင်ကျောင်းများအား ဆေးလိပ်မသောက်ရ နယ်မြေအဖြစ် သတ်မှတ်ခြင်းစသည်တို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း တစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွေးနွေးခဲ့ပြီး ၂၀၀၃ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ တွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြပါသည်။ အဆိုပါ ကွန်ဗင်းရှင်းရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စား လှယ်များ အစဉ်တစိုက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရွေ့တောင်အာရှဒေသတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ခုနှစ် အောက်တိုဘာလ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ် ဧပြီလ ၂၁ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံအနေ ဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင် ရာ ကွန်ဗင်းရှင်းကို အတည်ပြုသည့် ၁၁ နိုင်ငံမြောက် နိုင်ငံဖြစ်ပါသည်။ ထိုအောင်ခြင်မှုများကို မှတ်တမ်းတင်ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့က ဆီးဖြင့်သည့် ၂၀၀၄ခုနှစ်အတွက် ဆေးလိပ်ကင်းစင်ရေးနေ့ ဆုကို ကျန်းမာရေး၀န်ကြီးဌာန ဝန်ကြီး ပါမောက္ခ ဒေါက်တာကျော်မြင့်က လက်ခံရယူခဲ့ပါသည်။

မြန်မာနိုင်ငံမှ ဆေးလိပ်သောက်သုံးမှုနှုန်းထားများ လျော့နည်းကျဆင်း

ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို ပိုမိုသိရှိနားလည်ကြသည့် အလျောက် မြန်မာနိုင်ငံမှ ဆေးလိပ်သောက်သုံးမှုနှုန်းထားများ လျော့နည်း ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကျောင်းသား၊ ကျောင်းသူများ အတွက်စီးကရက်သောက်သုံးမှုနှုန်းမှာ ၂၀၀၁ခုနှစ် စစ်တမ်း (Global Youth Tobacco Survey 2001)အရ ၈တန်း၊ ၉တန်း၊ ၁၀တန်းကျောင်းသူ၊ ကျောင်းသားများ၏၁၀ ဒသမ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၇ခုနှစ်စစ်တမ်း (Global Youth Tobacco Survey 2007)အရ ၄ ဒသမ ၉ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်း သိရှိရပါသည်။

အလားတူ အသက် (၁၅)နှစ်အထက် အမျိုးသားများအတွင်း ဆေးလိပ် သောက်သုံးမှုနှုန်းသည်လည်း ၁၉၉၀ ဝန်းကျင်မှာ ရာခိုင်နှုန်း ၆၀ ကျော်ရှိ ခဲ့ရာမှ ၂၀၀၁ခုနှစ်တွင် ၄၈ရာခိုင်နှုန်း၊ ၂၀၀၇ခုနှစ်တွင် ၂၆ရာခိုင်နှုန်းကျော် သာရှိတော့ကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများတွင် ဆေးလိပ်သောက် သုံးမှုအနေဖြင့် မြို့ပြမှာ သိသာစွာ လျော့နည်းကျဆင်းလျက်ရှိရာ မြို့ပြနေ အမျိုးသမီးထု၏ ၄ ရာခိုင်နှုန်းနှင့် ကျေးလက်နေ အမျိုးသမီးထု၏ ရာခိုင်နှုန်း ၂၀ ခန့် ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ

မြန်မာနိုင်ငံသည် ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးလုပ်ငန်း များကို အကောင်အထည်ဖော်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေ ဖြင့် ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့၌ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်(၅/၂၀၀၆)အဖြစ် ပြဋ္ဌာန်းခဲ့ပါသည်။

ဆေးလိပ်သောက်သူ အများစုသည် ကလေးသူငယ်ဘဝတွင် ဆေးလိပ်ကို စတင်သောက်သုံးမိရာမှ စွဲလမ်းသွားကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဆေးလိပ် ကို အသက်(၁၈)နှစ်အောက် ကလေးသူငယ်များကို ရောင်းချခြင်း၊ ပေးကမ်း ခြင်း၊ ကလေးသူငယ်များကို ဆေးလိပ်ရောင်းချဖြန့်ဖြူးရာတွင် စစ်ဆေးခြင်းတို့ ကို တားမြစ်ထားသည့်အပြင် ကျောင်းများ၏ ပေ ၁၀၀ အတွင်းမှာ ဆေးလိပ် ရောင်းချခြင်းတို့ကို တားမြစ်ထားပါသည်။

အများပြည်သူတို့ သူတစ်ပါးဆေးလိပ်ငွေ့ ရှူရှိုက်ရခြင်း အန္တရာယ်မှ ကင်းဝေးစေရန်အတွက် ဆေးလိပ်လုံး၀သောက်ခွင့်မရှိသော နေရာများနှင့် အကန့်အသတ်ဖြင့်ဆေးလိပ်သောက်ခွင့်ရှိသောသီးသန့်နေရာများကို ဥပဒေ တွင် အသေးစိတ် ဖော်ပြထားပါသည်။

ကျန်းမာရေးအတွက် သတိပေးစို့

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်အဖြစ် Tobacco Health Warnings ကို သတ်မှတ်ထားရှိရသည့် ရည်ရွယ်ချက်သည် ဆေးလိပ်သောက်တတ်သူဖြစ်စေ၊ မသောက်တတ် သူဖြစ်စေ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေကြောင်း အနည်းနဲ့အများ သိကြသော်လည်း မည်ကဲ့သို့ ထိခိုက်မှုမျိုးဖြစ်စေကြောင်းကို အမှန်တကယ် ကျယ်ကျယ်ပြန့်ပြန့် သိရှိမှုနည်းသေးကြောင်း သိရှိရပါသည်။ ဆေးလိပ်ဘူးခွံများ၊ အထုပ်အပိုးများပေါ်မှာ ကျန်းမာရေးသတိပေးချက်များကို ရုပ်ပုံနှင့်စာသားတွဲပြီး ထင်ရှားစွာဖော်ပြခြင်းဖြင့် ဆေးလိပ်သောက်သူများ အတွက်ရော စတင်သောက်လိုသည့် လူငယ်များအတွက်ပါ ဆေးလိပ်အန္တရာယ် ကို ထင်ထင်ရှားရှား သိသွားစေပြီး ဆေးလိပ်သောက်မှု လျော့နည်းသွားရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ဆေးလိပ်ဆေးရွက်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် ကျန်းမာပညာ ပေးလုပ်ငန်းတစ်ခုတည်း ဆောင်ရွက်ရုံမျှဖြင့် မလုံလောက်ပါ။ ကျန်းမာရေး ပညာရှင်များနှင့်အတူ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပိုင်းဝန်း၍ ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ကြမှသာလျှင် ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်မှ ကင်းဝေးနိုင်မည် ဖြစ်ပါသည်။

စုပေါင်းကာကွယ် ဆေးလိပ်အန္တရာယ်

ယခုအခါ မြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင် လမ်းညွှန်မှုဖြင့် ကျန်းမာရေး၀န်ကြီးဌာနသည် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ နှီးနှွယ်ဌာနများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောအဖွဲ့ အစည်းများပူးပေါင်း၍ ဆေးလိပ်သုံးစွဲမှုထိန်းချုပ်ရေး ရှေ့ဆောင်လှုပ်ရှား မှုများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။

ဆေးလိပ်ဖြတ်ကြစို့

* ချွေးနှံ့ဆိုးဆိုး၊ ဆီးနှံ့ဆိုးနှင့်
ကောင်းကျိုးမပေး၊ ဆေးလိပ်ဘေးကို
မျှော်တွေးပိုင်ပိုင်၊ စိတ်ခိုင်ခိုင်ဖြင့်
အနိုင်ယူကာ၊ ရှောင်ကြရာ၏။

* ကျန်းမာလှုမှု၊ ဘာတစ်ခုမျှ
ကောင်းမှုမပေး၊ ဆိုးကျိုးပေးသည့်
ဆေးလိပ်အမည်ခံ၊ မီးခိုးရန်ကို
တုံ့ပြန်ထိုးနှက်၊ ဝိုင်းဝန်းဖျက်လော့။

* မူးယစ်အစ၊ ဆေးလိပ်ကတည့်
ဒုက္ခကင်းအောင်၊ ဆေးလိပ်ရှောင်၍
လူဘောင်လှပ၊ ချမ်းသာရအောင်
ခနပစ္စည်း၊ မပြုန်းတီးအောင်
ချည်းနှီးကာလ၊ မကုန်ရအောင်
ဘဝလည်းမြင့်၊ လူလည်းတင့်အောင်
မျှော်လင့်ချက်ပိတ်၊ သည်ဆေးလိပ်ကို
ဘေးချိတ်ချောင်ထိုး ဖြတ်ကြစို့။ ။

တက္ကသိုလ်ညီညီသန့်

အထူးသဖြင့် နိုင်ငံတော်၏ အနာဂတ်တာဝန်ကို လက်ဆင့်ကမ်းသယ်ယူ ထမ်းရွက်ကြရမည့် ကျောင်းသားလူငယ်ထုအတွင်း စိမ့်ဝင်စေအန္တရာယ် ပြုလာသော ဆေးလိပ်အန္တရာယ်ကို မိဘ၊ ဆရာနှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်း ပူးပေါင်း တိုက်ဖျက်သွားကြရန် လိုအပ်ပါသည်။

ဆေးလိပ်စသောက်တတ်သော လူငယ်များသည် ဆေးလိပ်ကိုအမြန် ဖြတ်ရန် ကြိုးစားသင့်ကြ၏။ ဆေးလိပ်မသောက်တတ်သေးသော လူငယ် များသည်လည်း ဆေးလိပ်ကိုလုံး၀ရှောင်ကြရန်၊ အစမ်းသဘောမျိုးဖြင့်ပင် မသောက်သုံးမိစေရန် အလွန်အရေးကြီးပါသည်။ အစရှိ အနောင်နောင် ဆိုသကဲ့သို့ စမ်းရင်းကစွဲသွားတတ်ပါသည်။ ဆေးလိပ်နှင့် ဆက်စပ်နေသော မူးယစ်ဆေး၀ါးနှင့် အရက်တို့ကိုလည်း ရှောင်ရှားကြပါ။ မိမိဝတ်ဆံကျန်းနှင့် သူငယ်ချင်းများ ဆေးလိပ်သောက်နေလျှင်လည်း ဆေးလိပ်ဖြတ်ရန် စည်းရုံး ပါ။ ထို့ပြင် ကျောင်းအားချိန်တွင် အားကစားလုပ်ငန်း၊ လူမှုရေးလုပ်ငန်းနှင့် ဘာသာရေး၊ ယဉ်ကျေးမှုသင်တန်းများတက်ခြင်းတို့ကို ဆောင်ရွက်သင့်ကြ ပါသည်။

ဆရာနှင့် လူကြီးမိဘအုပ်ထိန်းသူများဘက်မှလည်း ကျောင်းသားလူငယ် များ အတုမြင်အတတ်ရ မဖြစ်စေရန် ကိုယ်တိုင်ဆေးလိပ်မသောက်ခြင်း၊ ကလေးများအား ဆေးလိပ်မီးမညှိခိုင်းခြင်း၊ ဆေးလိပ်မ၀ယ်ခိုင်းခြင်း၊ ဆေးလိပ်သောက်ခြင်း အန္တရာယ်ကိုရှင်းပြ၍ ဆေးလိပ်သောက်ခြင်းကို တားမြစ်ခြင်း၊ ကျောင်းသားလူငယ်များ ဆေးလိပ်သောက်ခြင်း ရှိ မရှိ အိမ်၊ ကျောင်းလမ်းနှင့် ပတ်ဝန်းကျင်တို့တွင် လေ့လာတားမြစ်ခြင်းများကို ပြုလုပ်နေသင့်ပါသည်။

ထို့ပြင် မိဘဆရာများသည် ကျောင်းသားလူငယ်များ အပေါင်းအသင်း မမှားရေး၊ မကောင်းမှုများအတုမယူရေး၊ စိတ်ဓာတ်ခိုင်မာရေးတို့အတွက် ငယ်စဉ်ကပင် ဂရုတစိုက်ဆုံးမပြုပြင်ပေးသင့်ပါသည်။ အားလပ်ချိန်များတွင် မိမိတို့ရင်သွေးများအား လူမှုရေးနှင့်ဘာသာရေးလုပ်ငန်း၊ အားကစားလုပ်ငန်း၊ ဖွံ့ဖြိုးရေးသင်တန်းများ ဆောင်ရွက်စေသင့်သည်။ စာဖတ်ဝါသနာပါအောင် လေ့ကျင့်ပေးခြင်းနည်းလမ်းဖြင့်လည်း စိတ်မလေစေရန်၊ စိတ်ဓာတ်ကြွိခိုင်စေ ရန် ဖိုးထောင်ပေးနိုင်ပါသည်။ မိမိသားသမီးတပည့်မျိုးများ ဆေးလိပ်ခွံနေပါက လည်း ဖြတ်ရန်စည်းရုံး ဆောင်ရွက်ပေးသင့်ပါသည်။ ဆေးလိပ်အန္တရာယ် ဆိုင်ရာ ဟောပြောပွဲများကိုလည်း ရပ်ကွက်၊ ကျောင်း၊ အတန်းများတွင် အခါမလပ် ပြုလုပ်ပေးသင့်ကြသည်။

ကျန်းမာရေး၀န်ထမ်းများကလည်း မိမိကိုယ်တိုင် ဆေးလိပ်မသောက်ဘဲ ဆေးလိပ်သောက်သူများအား ဖြတ်နိုင်ရန် စည်းရုံးကူညီပေးသင့်သည်။ ဆေးလိပ်အန္တရာယ်ပညာပေးမှုများကိုလည်း တစ်ဦးချင်းရောအုပ်စုအလိုက်ပါ အခါအခွင့်သင့်တိုင်း ပြုလုပ်သင့်သည်။ အထူးသဖြင့် စာသင်ကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများဆောင်ရွက်စဉ် ဆေးလိပ်အန္တရာယ်ကာကွယ် ရေးလုပ်ငန်းများကို ဆရာနှင့်ကျောင်းသားများအား စည်းရုံးပညာပေးသင့် သည်။ သက်ဆိုင်ရာကျန်းမာရေး၀န်ကြီးဌာန ဦးစီးဌာနအဆင့်ဆင့်မှလမ်းညွှန် သော ဆေးလိပ်ထိန်းချုပ်ရေးအစီအစဉ်များကိုလည်း ရပ်ကွက်၊ ကျောင်း၊ အတန်းများတွင် အခါမလပ် ပြုလုပ်ပေးသင့်ကြသည်။

သို့ဖြစ်၍ ကျောင်းသားလူငယ်များအပါအဝင် မိဘ၊ ဆရာ ပြည်သူ တစ်ရပ်လုံးသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကျန်းမာရေး၀န်ကြီးဌာန နှင့် နှီးနှွယ်ဌာနအဖွဲ့အစည်းများ၊ စေတနာ၃၀ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် မိမိတို့မိသားစုတွင်း၊ ကျေးရွာအတွင်း၊ ရပ်ကွက် အတွင်း၊ ကျောင်းအတွင်းမှသည် တစ်နိုင်ငံလုံးတွင် ဆေးလိပ်အန္တရာယ် ကင်းဝေးရေးအတွက် အမျိုးသားရေးတာ၀န်တစ်ရပ်အဖြစ် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်အနှေ့ပိုင်းခရိုင်၊ တာမွေမြို့နယ် လေးဒေါင့်ကန်လမ်းရှိ ရန်ကုန်တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ခုံးချုပ်)၌ ကျင်းပရာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ကယာဉ်ရည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ် ကြိုပို့ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၉ခုနှစ်၊ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

World No-Tobacco Day, 2009

ဆေးလိပ်အန္တရာယ်ဆင်ခြင်ဖို့၊ ကျန်းမာရေးအတွက်သတိပေးစို့

"Tobacco Health Warnings"

မေလ (၃၁)ရက် 31st May

လာရောက်တွေ့ဆုံ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်အား i Love Myanmar အဖွဲ့ဥက္ကဋ္ဌ ဒေါ်လီဒီဆပ်နိုင်ထန်းနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီးဒေါက်တာကျော်မြင့်အား ညှိုးအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား i Love Myanmar အဖွဲ့ဥက္ကဋ္ဌ ဒေါ်လီဒီဆပ်နိုင်ထန်းနှင့်အဖွဲ့သည် ယမန်နေ့ဖွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်တုံ့ပြန်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၃၀

စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်တုံ့ပြန်ရေးညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၅ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကူးစက်) ဒေါက်တာစိုးလွင်ငြိမ်း၊ မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရိန်တို့က ကမ္ဘာ့လူတုပ်ကွေးရောဂါ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှု မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို လည်းကောင်း၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ဆေးရုံအုပ်ကြီးများက ကာကွယ်တုံ့ပြန်ရေးလုပ်ငန်း အစီအစဉ်များကိုလည်းကောင်း ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးမြို့အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်ပြီး ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်တုံ့ပြန်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၃၀

ပညာရေးဝန်ကြီးဌာန၊ အမှတ် (၃) အခြေခံပညာဦးစီးဌာန ဒေါပုံမြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ဒေါပုံမြို့နယ် အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း ပညာတန်ဆောင်းခန်းမ၌ကျင်းပရာ ဒေါပုံမြို့နယ်ပညာရေးမှူး ဒေါ်သိဂီက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးဟိုဠီးစီးကော်မတီဝင်၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်က ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ကြီးဌာနက လျှပ်ခါန်းသောဌေးကျော် ၂၇၀၀၀၀ တန်ဖိုးရှိသူငယ်တန်းဖတ်စာအုပ် အစုံ ၉၀၀ကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်လျှပ်ခါန်းကြောင်း သတင်းရရှိသည်။

ယင်းနောက် လူမှုရေးအသင်းအဖွဲ့များနှင့် ပညာရေးစေတနာရှင်များက လျှပ်ခါန်းသော အလှူငွေကျပ်ငါးသိန်း တန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို အလှူရှင်များကိုယ်စား ဒေါပုံမြို့နယ် ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်က မြို့နယ် ပညာရေးမှူးထံ ပေးအပ်လျှပ်ခါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးပေါ့ ဦးစီးကော်မတီဝင်၊ မြန်မာနိုင်ငံ ပညာရေးသုတေသန အဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့် ဒေါပုံမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ချစ်နိုင်(စိတ်ပညာ)၏ လွမ်းလိုက်ပါရဲ့ စာအုပ်ထွက်ရှိ

ရန်ကုန် မေ ၃၀

ချစ်နိုင်(စိတ်ပညာ)၏ (၇၉)အုပ်မြောက် "လွမ်းလိုက်ပါရဲ့" စာအုပ်ထွက်ရှိလာသည်။

လွမ်းလိုက်ပါရဲ့စာအုပ်တွင် စာပေထွန်းကားပြန့်ပွားရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းဗဟို၏ တက်ကြွထက်သန်သော စေတနာတို့ကြောင့် ယခုနှစ်စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲအချို့ သွားရောက်ဟောပြောခဲ့သောခရီးစဉ်ဟောပြောပွဲများအကြောင်း ဆောင်းပါးများနှင့် အခြားဆောင်းပါးများကို ရေးသားဖော်ပြထားသည်။

စာဖတ်ပရိသတ်အနေဖြင့် အတွေ့အကြုံသစ်၊ အတွေးသစ်၊ အမြင်သစ်နှင့် စာပေဗဟုသုတတိုးပွားစေရေး ဖြူစင်သောစေတနာကို ဦးထိပ်ထားလျက် လောကကောင်းကျိုးအတွက် အကျိုးပြုစာပေများရေးသား ဖော်ပြထားသည်။

"နိုင်"စာပေ အမှတ် ၂၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၄၂၀၀၊ ၀၉-၅၀၃၄၅၀၇ က ဖြန့်ချိ၍ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၉ (တနင်္ဂနွေ)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိန်းဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အနေ့ရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသိင်္ဂြေးခေတ် ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁း၀၀ ၁။ မြဝတီအဖွင့်
၁း၀၅ ၂။ အဖွင့်သီချင်း
၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁း၂၅ ၄။ ကာတွန်းအစီအစဉ် **- ပြိုက်ကမ္ဘာ့ဒုသဏ္ဌဝါများ (အပိုင်း-၂၈)**
၁း၄၀ ၅။ မြဝတီရုပ်မြင်မော်ကရုပ်ရွင် **နန်းခင်းရဲ့ချီတေးသံ**
၁း၃၀ ၆။ ကျန်းမာသုတ
၁း၄၅ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **- မောင်နဲ့သာဆိုရင် (အပိုင်း-၅၂)**
၂း၄၅ ၈။ အပိတ်နှုတ်ဆက်စကား
၂း၅၀ ၉။ ပြီးပါပြီ။

ညဦးပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ချိမြွလက်သံ ငြိမ့်ညောင်းဟန်
၄း၄၅ ၅။ မြန်မာသံစဉ်ချိန်းဝင်
၄း၅၀ ၆။ သာယာသိင်္ဂြေး ခေတ်ဆန်းတေး
၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၅း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၅း၁၀ ၉။ နိုင်ငံတကာသတင်း
၅း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၅း၃၀ ၁၁။ လျှပ်တပြက်ရိုက်ချက်
၅း၄၅ ၁၂။ ဂရင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **-ဆယ်ကျော်သက်သတို့သမီး (အပိုင်း-၀)**
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြား သတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေး တေးကဗျာ
၁၇။ ပဟေဋ္ဌိနန်းတော်
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏တေးလင်္ကာဆောင်
၂၀။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **-တရားရှုင်နှင့် ကျန်ကျောင်း (အပိုင်း-၁၃)**
၂၀။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မေ ၃၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ မေ ၂၇ ရက်မှ ၂၈ ရက်အထိကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပသော (၁၇)ကြိမ်မြောက် အာဆီယံ-အီးယူဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် အာဆီယံအဖွဲ့နှင့် အီးယူအဖွဲ့ နှစ်ဦးနှစ်ဖက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးကြသည်။ ထို့အပြင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နှစ်ဦးနှစ်ဖက် စိတ်ဝင်စားကြသော ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စတို့ကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်သည်မေ ၂၈ ရက်တွင် ဖနောင်ပင်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာစစ်သံရုံးသို့ သွားရောက်ပြီး ဝန်ထမ်းနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ရှိရင်းစွဲနှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရေးအတွက် မှာကြားခဲ့သည့် အပြင် မြန်မာနိုင်ငံတွင် လတ်တလော ဖြစ်ပေါ် တိုးတက်မှုများကိုလည်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၉ (တနင်္ဂနွေနေ့)

AM / PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဋ္ဌန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၁၅ MRTV-4 သတင်း
၆း၀၀ "ဘဝတန်ခိုးလူတန်ခိုး"
တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိနွာဘိဝံသ)
၇း၀၀ MRTV-4 သတင်း
၇း၄၅ MRTV-4ကာတွန်းအစီအစဉ်
၈း၀၀ MRTV-4ရပ်သံဇာတ်လမ်းတွဲ
"ရှင်သန်လာသောနှလုံးသား"
(အပိုင်း-၁၇)
၈း၃၀ Sunday Talk
[ဒေါက်တာအောင်ထွန်းသက်၊ မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၃၀ Sports Word (Quiz)
၁၀း၀၀ ဆန့်ကျင်ကာကွယ်ဆေးလိပ်အန္တရာယ်
ဒေါက်တာအေးကျော်(ဖိဝကမ္မဗေဒ)
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၄၀ အမှောင်ခွင်းလို့ အလင်းဆောင်ခဲ့တယ်
ရခိုင်တို့ဒေသ အမဲမြို့နယ် (အပိုင်း-၂)
၁၁း၀၀ ဘဝများ (ဂီတပညာရှင်နိုင်ဇော်၏ ဘဝ)
၁၀း၃၀ ဟိုတယ်လမ်းညွှန် (The Hotel Amara)
၁၂း၀၅ ဇီဒီယိုပြန်း
၁၂း၂၅ World of Knowledge (Orangutan Island)
၁၂း၄၅ မန္တလာမြေမှ Diamond plaze
၁း၀၀ "ဘဝတန်ခိုးလူတန်ခိုး" တရားတော်
(ယောဆရာတော် ဘဒ္ဒန္တသိရိနွာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၄၅ အရှေ့မြောက်တိုင်းမှ စိုက်ပျိုး အောင်မြင် လီလီပန်းပင်
၃း၀၀ လရောင်အေးထဲက… လေးနက်သော အိပ်မက်များ
၃း၀၅ တေးဂီတအစီအစဉ်
၃း၂၅ သတင်းကောင်း(သွားညည်၊ ဆုပန်ထွေးမွှင့်) (ဒါရိုက်တာ-ညီမင်းလွင်)
၃း၅၀ ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြို့ (MIEC Pre School
ပညာရိပ်မြို့အကြောင်း သိကောင်းစရာ)
၄း၀၅ များလူလေကုသိုလ်ယူ ပန်းတဉ်းတန်း၏ 'ရွှေစင်အလှူ'
၄း၁၅ အလောင်းတော်ကသပ အမျိုးသားဥယျာဉ်
၄း၃၀ မြန်မာ့တုရိယာစည်တော်ကြီး
၄း၄၀ ခြေခြေဖြစ်ဖြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
(စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်)
၅း၀၀ MRTV-4ကာတွန်းအစီအစဉ်
၅း၃၀ Sports Word (Quiz)
၆း၀၀ MRTV-4 သတင်း
၆း၁၅ Sunday Talk
[ဒေါက်တာအောင်ထွန်းသက်၊ မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၇း၁၅ ဘဝများ (ဂီတပညာရှင်နိုင်ဇော်၏ ဘဝ)
၇း၃၅ VJ Choice
၈း၀၀ MRTV-4 သတင်း
၈း၁၅ အရှေ့မြောက်တိုင်းမှ စိုက်ပျိုး အောင်မြင် လီလီပန်းပင်
၈း၃၀ ဟိုတယ်လမ်းညွှန် (The Hotel Amara)
၉း၁၅ Sports World (Quiz)
၉း၃၀ MRTV-4ရပ်သံဇာတ်လမ်းတွဲ
"ရှင်သန်လာသောနှလုံးသား" (အပိုင်း-၁၇)
၁၁း၀၀ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
၁၁း၄၅ ခြေခြေဖြစ်ဖြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
(စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်)
၁၂း၁၅ VJ Choice
၁၂း၃၅ ဆန့်ကျင်ကာကွယ်ဆေးလိပ်အန္တရာယ်
ဒေါက်တာအေးကျော်(ဖိဝကမ္မဗေဒ)
၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နိုးနိုးVHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးနှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Serie A-38 ဘောလုံးပွဲစဉ်

ညဉ့်ပိုင်း	ပွဲစဉ်	မြသမည်သို့ပိုင်း
၇း၃၀	Fiorentina-AC Milan	5-Cartoons(Live)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တိုက်ကွပ်ဒိုအဖွဲ့ ချုပ် နွေရာသီ သင်တန်းဆင်း

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ တိုက်ကွပ်ဒိုအဖွဲ့ချုပ် ဒွေရာသီသင်တန်းဆင်း ကက္ကက်ပြိုင်ပွဲနှင့် အလှတ်တန်း အတိုက်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ အသက် ၁၄နှစ်အောက် အတိုက်ပြိုင်ပွဲ၌ အကောင်းဆုံးဆုရ အောင်ဆန်းကွင်း အသင်းမှ မစောယုရတနာ၊ ကတ္တက် အကောင်းဆုံးဆုရ အောင်ဆန်းကွင်း အသင်းမှ မောင်ဇေဂဲရဲနိုင်ထွန်းနှင့် မပြိုးသက်ထားတို့မှ ၎င်းနည်းပြ အကောင်းဆုံးဆုရ အောင်ဆန်းကွင်း အသင်းမှ ဦးဝင်းထွန်းကျော်တို့မှ ရရှိပြီး အတိုက်ပြိုင်ပွဲ၌ အမှတ်အများဆုံး အောင်ဆန်းကွင်းအသင်းမှ ရွှေ ခုနစ်ခု၊ ငွေ ငါးခု၊ ကြေးဝုခုနှင့် ကက္ကတ်ပြိုင်ပွဲ၌ ရွှေ ခြောက်ခု၊ ငွေ သုံးခု၊ ကြေး ငါးခုနှင့် ပထမဗိုင်းဆု ရရှိသွားကြောင်း သတင်းရရှိသည်။**(အောက်ပို့)**

(မြန်မာနိုင်ငံ တိုက်ကွပ်ဒိုအဖွဲ့ချုပ်)

အလင်းစေတမန်တကြွယ်တိုက် တည်ဆောက်ရေးညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၃၀

ရေနံချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအနီး၌ တည်ဆောက်မည့် အလင်းစေတမန်စာကြည့်တိုက် တည်ဆောက်ရေးအတွက် ညှိနှိုင်း အစည်းအဝေးကို မေ ၉ရက်တွင် ရန်ကုန်မြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ ကျင်းပရာ စာကြည့်တိုက်တည်ဆောက်ရေးလုပ်ငန်းကော်မတီ နာယကများအဖြစ် ပိုလ်ချုပ်အောင်ခင်ငြိမ်း၏ ဆရာကြီးဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း) ဦးကောင်း၊ ဦးဝင်းကြည် (ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်)၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေး)နှင့် ဦးအောင်ငြိမ်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ ပဲန့်ဝေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း) တို့က ဆောင်ရွက်ကြပြီး စာကြည့်တိုက် တည်ဆောက်ရေးလုပ်ငန်းကော်မတီတွင် ဥက္ကဋ္ဌ ပိုလ်မှူးကြီးသောင်းလွင်(ငြိမ်း)၊ အဖွဲ့ဝင် များအဖြစ် ဦးနေမျိုးမော်၊ ဦးသန်းမြင့်၊ ဦးမြင့်ဆွေ၊ ဒေါ်မြင့်မြင့်ခင်၊ ဦးဌေးမြင့်၊ ဒေါ်ချိုချိုသိန်း၊ ဦးအောင်နိုင်ဝင်း၊ ပိုလ်မှူးကြီးတင်မိုး(ငြိမ်း)၊ ဦးကျော်လွင်နှင့် ဦးအောင်ကျော်မြင့် တို့က ဆောင်ရွက်ကြပြီး အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်မြတ်က ဆောင်ရွက်ကာ တည်ဆောက်ရေးလုပ်ငန်းများကို ဆွေးနွေးကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၅၀ × ပေ ၆၀ နှစ်ထပ် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ခန့်မှန်း ကုန်ကျငွေမှာ အဆောက်အအုံတန်းဦးငွေကျပ် သိန်းလေးရာ ခန့်နှင့် ပရိဘောဂနှင့် ရန်ပုံငွေကျပ်သိန်း နှစ်ရာ စုစုပေါင်းငွေ ကျပ်သိန်း ၆၀၀ခန့်ရှိမည်ဖြစ်သည်။

ညှိနှိုင်းအစည်းအဝေးအပြီး အလျှဉ်ငွေပေးအပ်ပွဲတွင် အလှူရှင် ၁၄ဦးတို့က စုစုပေါင်းငွေကျပ် ၁၀၈သိန်းကို လှူဒါန်းသွားကြကြောင်း သိရှိရသည်။

အလှူငွေများကို လှူဒါန်းလိုပါက နေပြည်တော်၌ ဦးဝင်းကြည် ဖုန်း-၀၆၇-၄၁၀၀၀၆၊ ဦးအောင်ငြိမ်း ဖုန်း-၀၆၇-၄၁၂၈၀၊ ရန်ကုန်မြို့၌ ဦးဌေးလွင် ဖုန်း-၀၉-၅၀၉၃၃၄၆၊ ဦးမောင်မောင်မြတ် ဖုန်း-၀၉-၅၀၄၉၂၅၄၊ ဦးကျော်ထင် ဖုန်း-၀၉-၅၂၀၀၂၆၊ ရေနံချောင်းမြို့၌ ဦးအောင်ကျော်မြင့် ဖုန်း-၀၆၀-၂၁၁၀စတို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်အိမ်ထောင် ကျန်းသုံးပင်၊ သစ်ဟာအပင် ၂၀ စိုက်ပျိုးရေးပညာပေးရှင်းလင်း

ရန်ကုန် မေ ၃၀

မြောင်းမြခရိုင် မြောင်းမြမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၀၉ ခုနှစ် မိုးရာသီတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာပိုင်သစ်တော စိုက်ထိတည်ထောင်ခြင်းနှင့် ကျေးလက် အိမ်ရာထူထောင်ရေးအတွက် တစ်ရွာ တစ်ကေ သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ တစ်အိမ်ထောင် ကျန်းသုံးပင်နှင့် သစ်ဟာယူကလစ်အပင် ၂၀ စိုက်ပျိုးရေးအတွက် ပညာပေးရှင်းလင်းပွဲကို မေ ၂၁ရက်တွင် မြောင်းမြမြို့နယ် ကုန်းသာကျေးရွာ၌ ကျင်းပသည်။

မြောကြား

ရှင်းလင်းပွဲတွင် မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်က အမှာစကားပြောကြားပြီး**(အပေါ်ပို့)** မြို့နယ် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးခုစ်လှိုင်ဝင်းက တစ်အိမ်ထောင် ကျန်းသုံးပင် သစ်မာယူကလစ်အပင် ၂၀နှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း စိုက်ပျိုး ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။

စိုက်ပျိုး သွားမည်

၂၀၀၉ ခုနှစ် မိုးရာသီတွင် မြောင်းမြမြို့နယ်၌ ကျွန်း ၇၇၉၉ပင်၊ သစ်မာယူကလစ်အပင် ၅၁၆၆၀နှင့် ကျေးရွာပိုင် စိုက်ခင်း ၁၃ကေတို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံပြို့သစ်(တောင်ပိုင်း)ဂိတ်အစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ ဂိတ်အစည်းအရုံး(ဗဟို)က ဒဂုံပြို့သစ်(တောင်ပိုင်း) ဂိတ်အစည်းအရုံး စည်းရုံးရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ ဂိတ်အစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်များနှင့် ဂိတ်အစည်းအရုံး၀ဝ ဂိတ်ပညာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမျိုးတင့်(ရုံးအဖွဲ့မှူး)က ဆောင်ရွက်ပြီး သဘာပတိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အဖွဲ့ခေါင်းဆောင် ဦးရန်ပိုင်မိုး(တွဲဖက်အတွင်းရေးမှူး)က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်း၍ ဥက္ကဋ္ဌဦးခင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ စောင်း ဦးအောင်ကိန်း၊ အတွင်းရေးမှူး စောင်း ဦးသန်းဝင်း၊ ဘဏ္ဍာရေးမှူး ဒေါ်မြသက်မူ၊ ပြန်ကြားရေးမှူး ဘေ့(စ်) ဦးမြင့်စိုး၊ စည်းရုံးရေးမှူး ဦးကျော်လင်း၊ အဖွဲ့ဝင်များဖြစ်ကြသော မယ်ဒလင်ဦးသိန်းကြည်၊ ဝန္ဓရာဦးနွေနောင်း၊ ဦးတင့်ဆန်း၊ ဒေါ်ချိုမာလေး၊ ဘိုကလေး ဒေါ်ဝင်းဝင်းကြည်တို့ ပါဝင်သော မြို့နယ်ဂိတအစည်းအရုံး စည်းရုံးရေးကော်မတီ ခန့်အပ်လွှာကို ဦးမျိုးဖြေင့်လေးက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဒန်းရေလှောင်တမံကြီးပြီးစီး၍ မိုးစပါးအတွက် ဖြည့်စွက်ရေပေးနိုင်ပြီး နွေစပါးပါ စိုက်ပျိုးနိုင်တော့မည်

❖ ကျော်ဖုံးမှ

ထို့အပြင် နေပြည်တော်တိုင်းအတွင်း၌ ဖောင်းလောင်ရေလှောင်တမံနှင့် ပုလွေးရေလှောင်တမံတို့ကို တည်ဆောက်နေပြီ ဖြစ်ကြောင်း။ ယခုကဲ့သို့ ဆည်ကန်များတိုး၍ တည်ဆောက်ပေးနိုင်ခြင်းကြောင့် မိုးကောင်းသောက်မှ ရေစိတ်ချရသည့် ဆည်ရေသောက်အဖြစ် အသွင်ပြောင်းလာမည်ဖြစ်သကဲ့သို့ နွေစပါးကိုပါ တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

နေပြည်တော်တိုင်းအတွင်း၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဆည်မြောင်းစီမံကိန်းများကို စနစ်တကျအစီအမံရှိရှိ ဆောင်ရွက်နေမှုကိုလည်း နေပြည်တော်တိုင်းအတွင်းရှိ ဒေသခံ ပြည်သူလူထုများ၏ ကိုယ်စား နိုင်ငံတော်အကြီးအကဲနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို များစွာ ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုက်ကြောင်း။

ယင်းဒေသသည် မိုးတွင်း၌ မိုးစပါးအတွက် စိုက်ပျိုးရေ လုံလောက်သော်လည်း နွေရာသီတွင် စိုက်ပျိုးရေ အခက်အခဲကြောင့် နွေစပါးကို မစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခု မဒန်းရေလှောင်တမံကြီးပြီးစီးသွားပြီဖြစ်သည့်အတွက် မိုးတွင်းကာလ ရာသီဥတုအခြေအနေ မပေးခဲ့လျှင် မိုးစပါးအတွက် ဖြည့်စွက်ရေပေးနိုင်မည်ဖြစ်သည့်အပြင် နွေစပါးကိုပါ ရေအတွက် နောက်ဆံမတင်း စိုးရိမ်မကင်းဖြစ်ရသဲ့ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ရေလှောင်တမံများ၊ ရေလွှဲဆည်များကို စတာနာ အပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့မှုကြောင့် ဒေသအတွင်း စိမ်းလန်းစိုပြည်လာခြင်း၊ စိုက်ပျိုးရေ ရရှိလာသည့်အတွက် သီးနှံပိုမိုထွက်ရှိလာခြင်း၊ သန့်ရှင်းကောင်းမွန်သည့် သောက်သုံးရေကို ရရှိသည့်အတွက် ကျန်းမာရေး ကောင်းမွန်တိုးတက်လာခြင်း စသည့် အကျိုးဆက်များကို ခံစားရသည်နှင့်အမျှ နိုင်ငံတော်အစိုးရက စတာနာအပြည့်အဝဖြင့် စီမံဆောင်ရွက်မှုများကို နားလည်သဘောပေါက်ခြင်းနှင့်အတူ တုံ့ပြန်သောအနေဖြင့် ရေလှောင်တမံများ၊ ရေလွှဲဆည်နှင့် ဆက်စပ်လျက်ရှိသည့် ရေပေးမြောင်းများ၊ ရေနုတ်မြောင်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဌာနဝန်ထမ်းများနှင့်အတူ စေတနာအပြည့်ဖြင့် ပူးပေါင်းကာကွယ် စောင့်ရှောက်သွားကြပါ။ ဆည်မြောင်းတာတမံတူးမြောင်းဥပဒေများကို လေးစားလိုက်နာသွားကြပါ။ ရေဝေရေလှဲ သစ်တောသစ်ပင်များကို ထာဝရစိမ်းလန်းစိုပြည်ဖို့ ပိုင်းဝန်းကာကွယ် စောင့်ရှောက်ကြပါဟု မှာကြားလိုက်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဌာနပိုလ်ချုပ်ဒွေးဦးက အမှာစကား ပြောကြားရာ၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေး မြင့်မားတိုးတက်စေရေး အတွက် "စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး" ဆိုသည့် ဦးတည်ချက်ချမှတ်ပြီး အလေးထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ကေ၏ အထွက်နှုန်းများ တိုးတက်ရရှိရေး၊ သီးနှံစိုက်စွမ်းအားများ တိုးတက်မြင့်မားလာရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးရေး စသည့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးသည့် တောင်သူများ၏ စီးပွားရေး တိုးတက်မြင့်မားစေရန်အတွက် အထွက်နှုန်းကောင်းပြီး အရည်အသွေး မြင့်မားသည့် ဈေးကွက်ဝင် သီးနှံမျိုးသစ်များ ပြောင်းလဲပေးနိုင်ရေးအတွက် လည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအနေဖြင့် သီးနှံတစ်သီးပြီးတစ်သီး အခိုန်မီ စိုက်ပျိုးနိုင်စေရန် ရိတ်သိမ်းခြွေလှေ့ခြင်း၊ မြေပြင်ခြင်းလုပ်ငန်းများကို စက်စွမ်းအားအသုံးပြုသည့် စက်မူလယ်ယာ ကူးပြောင်းနိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်မှုများအနက် စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် စိုက်ပျိုးရေ ရရှိရေးအတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန်ပြီး ဆည်ရေလှောင်တမံစီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေး စီမံကိန်းများကို ရေမြေအခြေအနေပေးမှုအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိကြောင်း၊ ရေနစ်မြုပ်လေ့ရှိသည့် ဒေသများနှင့်၊ ရေကြီး၊ ရေနက်ကွင်းများတွင်လည်း ရေနုတ်မြောင်းများ၊ ရေသောကာကွယ် ရေတာများ တည်ဆောက်ပြီး ရေတော်မိုးတော် စိုက်ပျိုးမြေများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းတွင် သီးထပ်၊ သီးညှပ်တွေ့ ပိုမိုစိုက်ပျိုးလာနိုင်စေမည့် ရေသွင်းစိုက်ပျိုးနိုင်မှုအခြေအနေ တိုးတက်လာနေပြီဖြစ်ကြောင်း၊ ၁၉၈၀-၁၉၈၉ ခုနှစ်က ရေသွင်းစိုက်ဧရိယာဧက ၂ ဒသမ ၅ သန်းသာ ရှိခဲ့ရာမှ ယခု ဧက ၅ ဒသမ ၆ သန်းကျော် အထိ နှစ်ဆကျော် တိုးတက်လာခဲ့ပြီး နိုင်ငံ၌ရှိသည့် သီးနှံအသားတင် စိုက်ဧရိယာ ဧက ၂၈ သန်းကျော်၏ ၁၇ ဒသမ ၂ ရာခိုင်နှုန်းအထိ ရေပေးဝေနိုင်ပြီဖြစ်ကြောင်း၊ ယခု ဖွင့်လှစ်ပေးလိုက်သည့် မဒန်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၂၂ ခုမြောက် ဆည်မြောင်း စီမံကိန်းဖြစ်ကြောင်း၊ ပင်မတမံသည် ဈေ၀၅၅ ပေ ရှည်လျားပြီး အမြင့် ၁၀၁ ပေရှိကြောင်း၊ ရေလှောင်ပမာဏ ဧက ၃၆၀၀၀ ရှိကြောင်း၊ ယင်းစီမံကိန်းကို ၂၀၀၃- ၂၀၀၄ ခုနှစ်က စတင်ခဲ့ပြီး ငွေကျပ်သန်းပေါင်း ၁၇၉၁ သန်း အကုန်အကျခံ တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း၊ အဆိုပါရေလှောင်တမံက ဆည်ရေနှင့် နေပြည်တော်လယ်ဧကပေါင်း ၈၀၀၀ ကို စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ကြောင်း။

မဒန်းရေလှောင်တမံ၏ ဆည်ရေသောက်ဒေသများဖြစ်သည့် နေပြည်တော်လယ်ဧကပေါင်း ၂၀၀၀၀ ၌ မူလက ပထမသီးနှံအဖြစ် မိုးစပါး၊ မိုးနှမ်း၊ မိုးမြေပဲ၊ ဖူးစားပြောင်း၊ မိုးပဲတီစိမ်းနှင့် ဟင်းသီးဟင်းရွက်၊ ဒုတိယသီးနှံများအဖြစ် မိုးစပါး၊ မတ်ပဲနှင့် ဆောင်းမြေပဲ၊ တတိယသီးနှံအဖြစ် မတ်ပဲနှင့် ဆောင်းမြေပဲတို့ကိုစိုက်ကြသည့်အတွက် သီးထပ်အပါအဝင် စုစုပေါင်း ၁၅၁၂၇ ဧက စိုက်ပျိုးနိုင်ပြီး သီးနှံစိုက်စွမ်းအား ၂၃၃ ဒသမ ၃၁ ရာခိုင်နှုန်း ရရှိရာက မဒန်းရေလှောင်တမံ တည်ဆောက်ပြီးစီးသည့်နောက် သီးနှံပုံစံသုံးခုလုံးတွင် စိုက်ကေများ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည်အတွက် စုစုပေါင်း ဧက ၂၂၂၅၀ အထိ တိုးတက်လာမည်ဖြစ်၍ သီးနှံစိုက်စွမ်းအား ၂၇၈ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်ရရှိတော့မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နေပြည်တော်လယ်ဧကပေးမြို့နယ်မှ ဒေသခံတစ်ဦးဖြစ်သည့် ဦးဌေးဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က မဒန်းရေလှောင်တမံ ကမ္ဘည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ကမ္ဘည်းကျောက်စာတိုင်ကို အမွှေနှံသာရည်ဖြင့် ပက်ဖျန်းပေးကြပြီး မဒန်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မဒန်းရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

မဒန်းရေလှောင်တမံသည် မဒန်းချောင်းပေါ်၌ မြေသားတမံ တည်ဆောက်ထားပြီး ပင်မတမံအမြင့် ၁၀၁ ပေ၊ အလျား ၈၃၀၅ ပေရှိကာ အမြင့်ပေ ၃၀ ရှိသည့် ကုန်းကြောတမံ လေးခုမှာ အလျားပေ ၁၈၅၀ ရှိသည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ် အမျိုးအစား ဖြစ်ကာ ၆ ပေ ၄ ပေ ရေတံခါးတစ်ပေါက် ပါရှိပြီး အလျား ၂၉၈ ပေ ရှိသည်။ ရေပိုလွှမ်မှာ အကျယ်ပေ ၅၀ ရှိပြီး အလျားပေ ၇၉၀ ရှိသည်။ ကန်ရေပြည့် ရေလှောင် ပမာဏ ဧကပေ ၃၆၅၀၀ ရှိကာ လယ်မြေဧက ၈၀၀၀ ကို ဆည်ရေပေးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် မဒန်းရေလှောင်တမံ ကမ္ဘည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ မဒန်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ မဒန်းရေလှောင်တမံကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

> မဒန်းရေလှောင်တမံ၏ ဆည်ရေသောက် ဒေသများဖြစ်သည့် နေပြည်တော်လယ်ဝေးမြို့နယ် ကျေးရွာအုပ်စု ကိုးစု၏ လယ်မြေဧက ၈၀၀၀ ၌ မူလ သီးနှံပုံစံသုံးခုလုံးတွင် စိုက်ကေများ တိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အတွက် စုစုပေါင်း ကေ ၂၂၂၅၀ အထိ တိုးတက်လာမည်ဖြစ်၍ သီးနှံစိုက်စွမ်းအား ၂၇၈ ဒသမ ၁၃ ရာခိုင်နှုန်းအထိ တိုးတက်ရရှိတော့မည်ဖြစ်။

ပြန်လည်ဖွံ့ဖြိုးသာယာလာသည့် ကွမ်းခြံကုန်းမြို့နယ်မှ မေတ္တာကျေးရွာ

သတင်းဆောင်းပါး
ရဲဝင်းဆောင် (ကြေးမုံ)
ဓာတ်ပုံ
သန့်ဇင်ထွန်း (ကြေးမုံ)

"အရင်က သူများအိမ်မှာ တက်နေရတာ။ အခုတော့ နေစရာအတွက် အဆင်ပြေသွားပါပြီ။ အခုလို နေစရာပေးတယ်ဆိုတာကိုက ကျေးဇူးတင်ရမှာပါ" အထက်ပါစကားစုသည် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်၌ မုန်တိုင်းသင့်ပြည်သူများအတွက် စွမ်းအင်ဝန်ကြီးဌာနက အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့သည့် "မေတ္တာကျေးရွာ" ကု အမည်တွင်သော ကျေးရွာအသစ်တွင် နေထိုင်သူတို့၏ ရင်တွင်းမှ ဖြစ်ပေါ်လာသောစကားများ ဖြစ်သည်။

ကျေးရွာထဲသို့ စတင်ဝင်ရောက်ခိုန်မှာပင် အကွက်ကျကျဖြင့် စနစ်တကျ တည်ဆောက်ထားသည့် လူနေအိမ်များကို အစီအရီ မြင်တွေ့လိုက်ရသည်။ လမ်းတစ်ဖက်တွင် သောက်ရေ သုံးရေ ရရှိရေးအတွက် လက်ရိုက်အဝိစိတွင်း တူးသူများကို အဖွဲ့လိုက် တူးဖော်နေ ရေလောင်းခြင်း၊ သောက်သုံးရေ အတွက် ခပ်ယူခြင်းများ ပြုလုပ်လျက် အချို့မှာ မိမိတို့နေထိုင်ရာ နေအိမ်များထဲ တွင် ပြင်ဆင်မွမ်းမံမှုများကို ပြုလုပ်လျက်ရှိ သည်ကိုလည်း တွေ့ရသည်။

မေတ္တာကျေးရွာကို ယခုနှစ် ဧဖော်ဝါရီ ၂၇ ရက်တွင်စတင်၍ စွမ်းအင်ဝန်ကြီးဌာန၏ ဦးဆောင်ကြေးကြပ်မှုဖြင့် တော်ဝင်မိသားစုကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တွင် နေအိမ်စုစုပေါင်း ၇၃၆ လုံး ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပြီး ကွမ်းခြံ ကုန်းမြို့နယ်အတွင်း နေထိုင်သူ မုန်တိုင်း ဒဏ်ခံခဲ့ရသူများထဲမှ အိမ်ဆောင်စု ၇၂၀ ကို သက်ဆိုင်ရာက နေရာများချထားပေး ပြီးဖြစ်ကြောင်းကိုလည်း သိရသည်။

ယခုချထားပေးသည့် လူနေအိမ်များ၏ မြေကွက်အကျယ်မှာ အလျား ၆၆ပေ၊ အနံ ၂၃ ပေ ၉ လက်မ မြေကွက်ပေါ်တွင် သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ သည်ကိုလည်း တွေ့ရသည်။

မေတ္တာကျေးရွာကို ယခုနှစ် ဧဖော်ဝါရီ ၂၇ ရက်တွင်စတင်၍ စွမ်းအင်ဝန်ကြီးဌာန၏ ဦးဆောင်ကြေးကြပ်မှုဖြင့် တော်ဝင်မိသားစုကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တွင် နေအိမ်စုစုပေါင်း ၇၃၆ လုံး ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ပြီး ကွမ်းခြံ ကုန်းမြို့နယ်အတွင်း နေထိုင်သူ မုန်တိုင်း ဒဏ်ခံခဲ့ရသူများထဲမှ အိမ်ဆောင်စု ၇၂၀ ကို သက်ဆိုင်ရာက နေရာများချထားပေး ပြီးဖြစ်ကြောင်းကိုလည်း သိရသည်။

မေတ္တာကျေးရွာသားတို့ နေအိမ်ရှေ့ မြေတွက်လပ်၌ သီးပင်စားပင်များ တူးဆွစိုက်ပျိုးကြစဉ်။

ကျေးရွာတွင်း နေထိုင်သူများသည် လည်း အချို့မှာ မိမိတို့နေအိမ်ရှေ့ မြေလွတ်များပေါ်တွင် စွမ်းအင်ဝန်ကြီး ဌာနမှ ဝေမျှပေးထားသည့် သီးနှံမျိုးစေ့ များကို စိုက်ပေါင်များ ပြုလုပ်စိုက်ပျိုး လျက် အချို့မှာ တူးဖော်ပြီးစီးသွားပြီ ဖြစ်သော အဝိစိတွင်းများမှ ရေကို ရယူ၍ စိုက်ပျိုးပြီး စိုက်ပေါင်များကို မြေဩဇာများပေးသည့် လူနေအိမ်များ၏ A2၊ A3၊ A4၊ A5၊ A6 ဆိုပြီး ဘလောက် ခြောက်ခုရှိတယ်။ ဘလောက်တစ်ခုစီကို အိမ် ၁၆လုံးဆိုတော့ A ဘလောက်တစ်ခု လုံးဆိုရင် အိမ်စုစုပေါင်း ၉၆လုံးရှိတယ်။ B ဘလောက်မှာ ကတော့ B1၊ B2၊ B3၊ B4 ဆိုပြီး ဘလောက်လေးခုရှိတယ်။ အိမ်က စုစုပေါင်း ၆၄ လုံးရှိတယ်။ အဲဒီလိုပဲ C မှာဆိုရင် ၉၆ လုံး၊ D မှာဆိုရင် ၆၄လုံး၊ E မှာဆိုရင် ၉၆ လုံးပေါ့။ အောက်ဘက်ခြမ်းမှာ အခု E ဘလောက် အထိ ပြီးသွားပြီ။ F ဘလောက်နဲ့ G ဘလောက်အခြမ်း ကျန်သေးတယ်။ အပေါ်ခြမ်းမှာက I၊ J၊ K ဘလောက်တွေ ပြီးသွားပြီ။ မုန်တိုင်းဒဏ်ခံခဲ့ရတဲ့ မိသားစုတွေထဲက ၇၂၀ ကို ဝဲနို့က်နေရာ ချထားပေးပြီးသွားပြီ။ ကွမ်းခြံကုန်း၊ ဒေးဒနေ့။ ညောင်ဦး၊ ကမာ အဲဒီက မိသားစုတွေပါတယ်" ဟု ရှင်းလင်း ပြောကြားသည်။

ယင်းကျေးရွာတွင် နေထိုင်လျက်ရှိသည့် မိသားစုများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ တွင်လည်း "ကျွန်တော်တို့က မိသားစု ခုနစ်ယောက်ရှိတယ်။ လေးယောက်က အလုပ်လုပ်တယ်။ ကျွန်တော်ကတော့ အခု ကျန်းမာရေးကြောင့် အလုပ်မလုပ်နိုင် တော့ဘူး"ဟု အသက် (၅၆) နှစ်ရှိပြီဖြစ် သော ဦးအောင်မြင့်က မိသားစုအကြောင်း ကို ရှင်းပြသည်။ ဆက်လက်၍ ၎င်း၏ ဇနီးဖြစ်သူ အသက် (၅၁) နှစ်အရွယ်ရှိ ဒေါ်စန်းကလည်း "အရင်က ကွမ်းခြံကုန်း မြို့မပိုင်းမှာနေတယ်။ အဲဒီမှာတုန်းက အမျိုးသားက ဆိုက်ကားနင်းတယ်။ နာဂစ်ဖြစ်ပြီးတော့ တဲစုတ်ကလေးနဲ့ နေနေရတာပေါ့။ ပြန်မဆောက်နိုင်တော့ ဘူး။ အဲဒါကို မြို့နယ်အေးချမ်းသာသာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လူကြီး တွေနဲ့ သက်ဆိုင်ရာ လူကြီးတွေ လာကြည့်ပြီး အမှန်တကယ်လိုအပ်နေ တဲ့အတွက် ခုလိုစီစဉ်ပေးတာဖြစ်ပါတယ်။ အခုလို ဒီနေရာမှာ ရထားတဲ့အတွက် ကျန်းမာသန်စွမ်းသူများအတွက် ပိုပြီး ကောင်းမွန်တဲ့ ဘဝမျိုးကို ရောက်ရှိသွားပါတယ်။ ကျွန်မတို့အတွက် အမှန် တကယ်လိုအပ်တဲ့ ကွက်လပ်တစ်ခုကို ဖြည့်ပေးသလို ဖြစ်ပါတယ်။ ဒါမျိုးက ကိုယ်လည်း ပြန်မလုပ်နိုင်တော့ဘူး။ မုန်တိုင်းမှာက အကုန်ပါသွားခဲ့တာ။ ခုလိုစီစဉ်ပေးတဲ့ သက်ဆိုင်ရာလူကြီး တွေကိုလည်း ကျေးဇူးများစွာတင်မိ ပါတယ်"ဟု မိမိတို့၏ ရင်တွင်းခံစားရ သည်များကို ထုတ်ဖော်ပြောကြားသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် သဘာဝ ဘေးအန္တရာယ် ကြုံတင်ကာကွယ်ရေး လုပ်ငန်းများ၊ ထောက်ပံ့ကူညီမှုများကို ဆက်လက် လုပ်ဆောင်ပျက်ရှိပြီး မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ပြည်သူများ မှာလည်း ပြန်လည်ရုန်းထသည့် အခြေ အနေမှ အနည်းဆိုင် တည်ငြိမ်မှုဖြိုးလာ သည့် အနေအထားသို့ ရောက်ရှိလာပြီ ဖြစ်ပေသည်။ ။

လူနေအိမ်ခြေသစ်များ တည်ဆောက်ပြီးသကဲ့သို့ သောက်ရေသုံးရေ အတွက် တူးဖော်ပေးထားသည်ကို တွေ့ရစဉ်။

ပြောင်းမြေပြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် လှိုင်မင်္ဂလာရေးအတွင်း သန့်ရှင်း လတ်ဆတ်သည့် သားငါးများ တည်ဝင်ရောင်းချမှု အခြေအနေကို ဧပြီ ၂၂ ရက်တွင် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ ဦးစီးအရာရှိ ဦးမျိုးဝင်း နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တိုင်းတည်ဖြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေစီးရေလာ ကောင်းမွန် စေရေးအတွက် တာချိုလိပ်လမ်း မြို့မရေကြီးရှေ့ ရေနုတ်မြောင်း တူးဖော်ဆယ် ယူခြင်းလုပ်ငန်းကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြေးမုံ The Mirror
နိုင်ငံတကာအားကစားသတင်း
ဝင်းတင် (ကြေးမုံ)

ဒရော့ဘာနှင့် လမ်းပတ်တို့၏ဂိုးများဖြင့် ချယ်လ်ဆီး အက်ဗ်အေဖလားဆွတ်ခူး

လန်ဒန် မေ ၃၀

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ နောက်ဆုံး လက်ကျန်ဖလားဖြစ်တဲ့ အက်ဗ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲတို့ ချယ်လ်ဆီးနဲ့အဲဒာတန်တို့ ယနေ့ညမှာ ဝင်ဘလေတွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်လ်ဆီးကနစ်ဂိုး - တစ်ဂိုးနဲ့ အနိုင် ရရှိပြီး အက်ဗ်အေဖလားကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။

တစ်ဂိုးစီသရေ

ယနေ့ပွဲမှာ ချယ်လ်ဆီးဟာ နှစ်နှစ် ဆက်တိုက် ဖလားလက်မဲ့မဖြစ်ရေး အတွက် လူစုထုတ်ပြီး ပွဲစတာနဲ့ တိုက် စစ်ဆင်ကစားဖို့ ကြိုးစားလာခဲ့ပါတယ်။ ဒါပေမယ့် ပထမပိုင်းပွဲအစ တစ်မိနစ်မှာပဲ အဲဒာတန်အတွက် တိုက်စစ်မှူး ဆာဟာက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။ စောစောစီးစီး ဦးဆောင်ဂိုးပေးလိုက်ရတဲ့ ချယ်လ်ဆီးဟာ လန်ပတ်၊ မာလူဒါ၊ အက်ဆီယန်တို့အားနဲ့ ထိုးဖောက် တိုက် စစ်ဆင်လာသလို တိုက်စစ်မှူး အနယ်လ်ကာ ကလည်း ကွင်းလယ်အထိဆင်းပြီး ဘောလုံးယူကာ ချေပဂိုး ပြန်လည်ရရှိ ရေး ကြိုးစားလာပါတယ်။ ဒါကြောင့် ပွဲခွဲချိန် ၂၁ မိနစ်အရောက်မှာ ဒရောဘာက ခေါင်းတိုက်ပြီး ချယ်လ်ဆီးအတွက် ချေပဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ ပထမပိုင်းမှာ နှစ်သင်းလုံး အနိုင်ဂိုး ရရှိရေး တိုက်စစ်ဆင်ကစားခဲ့ကြသော်လည်း ပထမပိုင်း တစ်ဂိုးစီသရေနဲ့ သာ ပွဲပြီးခဲ့ပါတယ်။

အနိုင်ဂိုး

ဒုတိယပိုင်းပွဲစတာနဲ့ ချယ်လ်ဆီးဟာ အဲဒာတန်ဘက်ကို တရစပ်တိုက်စစ်ဆင် လာခဲ့ရာ နစ်လေခါင်းဆောင်တဲ့ အဲဒာတန်ဟာ ကြိုကြိုခံကာကွယ်ခဲ့ရပါ တယ်။ ပွဲချိန် ၆၁ မိနစ်မှာ အကိဆီ ယန်အစား ဘောလက်ကိုထည့်ပြီး ကစား အားမြှင့်လာခဲ့တဲ့ ချယ်လ်ဆီးဟာ ၇၂ မိနစ်မှာ အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ပါ တယ်။ ဒီဂိုးကို လမ်းပတ်က အဲဒာတန်ဂိုး စည်းအပြင်ကနေ ဘယ်ခြေနဲ့ အပြင်းကန် သွင်းယူခဲ့တာ ဖြစ်ပါတယ်။ ဦးဆောင်ဂိုး သွင်းနိုင်ပြီးကာမှ တစ်ဂိုးပြန်ရှုံးနေခဲ့တဲ့ အဲဒာတန်ဟာ ၇၇ မိနစ်မှာ ဆာဟာ အစား ဘောက်ခန်ကို ထည့်သွင်းပြီး တိုက်စစ်မြှင့်ခဲ့ပေမယ့် ချယ်လ်ဆီး နောက်တန်းကို မကျော်နိုင်ခဲ့တာကြောင့် ပွဲအပြီးမှာ ချယ်လ်ဆီးက နစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး အက်ဗ်အေဖလားကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ ။

အက်ဗ်အေဖလားချနိုင်ပြီး ချယ်လ်ဆီးအသင်းသားများအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မကွေး F.C နိုင်ပွဲဆက်ပြီး အမှတ်ပေးဇယားကိုဦးဆောင်

MNL CUP GRAND ROYAL 2009

ကမ္ဘာ့ဇာ Group မှ မန်နေဖျင်း ဒါရိုက်တာဦးမိုးဆန်းတောင်အနိုင်ရမှုသွားသည့် မကွေး F.C အား ကမ္ဘာ့ဇာတာ်မှ ချီးမြှင့်ငွေကျပ် ၁၀သိန်း ပေးအပ်စဉ်။

အနိုင်ဂိုးသွင်းယူအပြီး မကွေး F.C အသင်းသားများ အောင်ပွဲခံနေစဉ်။

မကွေး F.C မှ ဇော်ထက်အောင်၏ ထိုးဖောက်မှုကို ဇေယျာရွှေမြေ F.C မှ မင်းသူ ဖျက်ထုတ်နေစဉ်။

ရန်ကုန် မေ ၃၀

MNL Cup (Grand Royal 2009) ဘောလုံးပြိုင်ပွဲ ပွဲစဉ် (၉)အဖြစ် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေ F.Cနှင့် မကွေးတိုင်းကိုယ်စားပြု မကွေး F.Cတို့သည် ယနေ့ည နေ ၇နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မကွေး F.Cက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မကွေး F.Cနှစ်ဂိုး
(အောင်မြင့်အေးနှင့်နိုင်ဇော်ထွန်း)
ဇေယျာရွှေမြေ F.C တစ်ဂိုး
(ထူးကျော်)
အကောင်းဆုံး ရာဇာဝင်းသိန်း
(ဇေယျာရွှေမြေ)
နိုင်လူကြီး ဦးဝင်းထွဋ်

ယနေ့ကျင်းပသည့် MNL Cup ပြိုင်ပွဲတွင် ခြေခွေးပြနေသည့် မကွေး F.C အသင်းမှာ ယခုပွဲတွင်လည်း အနှံ့ကနေ နောက်မှလိုက်ကစားပြီး သုံးမှတ်အပြည့် ရယူသွားနိုင်ခဲ့သည်။

နာမည်ကြီး ကစားသမားဖြစ်သည့် ရာဇာဝင်းသိန်း၊ မင်းသူ၊ အောင်မျိုးသန့်တို့ကို ခေါ်ယူထားသည့် ဇေယျာရွှေမြေအသင်းမှာ ပုံမှန်ခြေမွှေး ထုတ်ပြန်ဂိုင်းမရှိသေးဘဲ ယခုပွဲတွင်လည်း ထပ်မံအနေနိုင်ခဲ့ပြန်သောကြောင့် ဝိုလ်လုပွဲတက်ရေး အခွင့်အလမ်းနည်းပါးသွားခဲ့ပြီဖြစ်သည်။

မကွေး F.Cမှာ ဒဏ်ရာရနေသည့် ဘိုဘိုအောင်၊ အနီကတ်ပြစ်ဒဏ်ကြောင့် ပွဲပယ်ခံထားရသည့် စိုးမင်းနိုင်တို့နေရာတွင် ပြည်ဖြိုးဦးနှင့် ထွန်းမင်းဦးတို့ကို ထည့်ကစားသည်မှလွဲ၍ လွင်ဦး၊ ဇော်ထက်အောင်၊ စည်သူဝင်းတို့ဖြင့် လူစုံပါဝင်ကစားခဲ့သည်။ ယနေ့ပွဲနှိုးနိုင့်လျင် ဝိုလ်လုပွဲတက်ရေးမျှော်လင့်ချက်နည်းသွားမည်ဖြစ်သောကြောင့် ဇေယျာရွှေမြေအသင်းမှာ ပွဲစကတည်းက ကစားအားတင်ကစားခဲ့ရာ မကွေး F.C အသင်းမှာ ယခင်ပွဲများလောက် ကစားကွက်မမြဖြစ်ခဲ့ရသည်။ ဇေယျာရွှေမြေအသင်းမှာ ဂိုးရှိရေးအတွက် ရာဇာဝင်းသိန်း၊ ထူးကျော်၊ ကျော်ကိုကို၊ အောင်မိုးတို့၏ တိုးအားများဖြင့် တိုက်စစ်ဆင်ရန်ကြိုးစားသော်လည်း ၁၀မိနစ်တွင် ကျော်ကိုကိုနှားကွဲ၍ ထွက်သွားခြင်း၊ အောင်မိုး ခြေမော်ခြင်းတို့ကြောင့် ဇေယျာရွှေမြေတိုက်စစ်မှာ ထင်သလောက် အားမပါခဲ့ပေ။ ၄၂ မိနစ်တွင် ကျသွားသောကြောင့် မကွေး F.C ပိုဖိကစားလာနိုင်သည်။ ၅၆ မိနစ်တွင် အောင်မြင့်အေးပေးသော ဘောလုံးကို အသင်းခေါင်းဆောင် လွင်ဦး ပိတ်သော်လည်း နောက်ခံလူနှင့် ထိထွက်သွား၍ မကွေး F.C နှစ်ခဲ့ရသည်။ နောက်တစ်မိနစ်အကြာတွင် မကွေး F.C ချေပ ပိုပြန်လည်ရရှိသွားပြီး နိုင်လင်းထွန်း ဘယ်ခြမ်းမှ ဖြတ်ပို့ပေးသော ဘောလုံးကို အောင်မြင့်အေးက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ချေပဂိုးရရှိပြီးနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာပြီး ဇေယျာရွှေမြေအသင်းမှ ထူးကျော်နှင့် ရာဇာဝင်းသိန်းတို့အပိုင်ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း ဝင်အောင်မသွင်းနိုင်၍ နှစ်ခွာခဲ့ရသည်။ ၆၄မိနစ်တွင် ကွင်းလယ်လူ အောင်မိုးသန့်အစား နောက်ခံလူချမ်းချမ်းကို ထည့်ကစားပြီး တိုက်စစ်မှုး ထူးကျော်ကိုလည်း နောက်တန်းထိဆင်းကစားစေ၍ ကစားပုံပြောင်းခဲ့သော ဇေယျာရွှေမြေအသင်းမှာ ကစားအားတက်မလာဘဲ မကွေး F.C ၏ ဖိကစားခြင်းကို ခံခဲ့ရသည်။ ၈၉မိနစ်တွင် မကွေး F.C မှ လူစားဝင်လာသည့် နိုင်ဇော်ထွန်းက ဘယ်ခြမ်းထောင့်ကနေရာမှ ဂိုးထဲကို တိုက်ရိုက်ကန်သွင်းရာ ဂိုးသမား ဇော်မိုးထက်၏ ပေါ့ဆမှုကြောင့် ဂိုးဝင်သွားကာမကွေး F.Cအနိုင် ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

တစ်ခဲနက်လာရောက်အားပေးကြသော မကွေး F.C ပရိသတ်များလည်း အားပေးရက္ခိုးနပ်ခဲ့သော ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။ ယနေ့ပွဲအပြီးတွင် မကွေး F.C သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နေပြီး ဇေယျာရွှေမြေ F.Cမှာ သုံးပွဲကစား၊ တစ်မှတ်ဖြင့် အဆင့်ခုနစ်နေရာ ရောက်နေသည်။

ပွဲအပြီးတွင် အကောင်းဆုံးဆုရ ရာဇာဝင်းသိန်း (ဇေယျာရွှေမြေ)ကို Grand Royalမှ ငွေကျပ် ငါးသိန်း၊ အနိုင်ရရှိသွားသည့် မကွေး F.Cကို ကမ္ဘာ့ဇာတာ်လိမိတက်မှ ငွေကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။

ဇေယျာရွှေမြေနည်းပြချုပ် ဦးညာဏ်ဝင်းက မိမိတို့အနိုင်ရလဒ်ကို မထိန်းနိုင်ခဲ့ကြောင်း၊ မိမိကစားသမားများ အင်အားကုန်နေသည်ပုံစံ ဖြစ်နေသလို စိတ်ဓာတ်ကြံ့ခိုင်မှုလည်း လျော့နည်းနေခဲ့ကြောင်း၊ ယခုပွဲအရေးနိုင်ခဲ့၍ ဝိုလ်လုပွဲတက်ရန် မျှော်လင့်ချက်နည်းသွားပြီဖြစ်သော်လည်း ကျန်ပွဲများကို မျှော်လင့်ချက်အပြည့်ဖြင့် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မကွေး F.C နည်းပြချုပ် ဦးကြည်လွင်က နှစ်ပင်းစလုံးအတွက် အရေးပါသည့် ပွဲစဉ်ဖြစ်သလို ပွဲကောင်းတစ်ပွဲလည်း ဖြစ်ခဲ့ပါကြောင်း၊ ယနေ့ပွဲ အနိုင်ရရှိအောင် ကစားခဲ့သော ကစားသမားများနှင့် အားပေးခဲ့ကြသည့် ပရိသတ်များကို ကျေးဇူးတင်ပါကြောင်း၊ ပထမပိုင်းတွင် ထင်သလို မကစားနိုင်ခဲ့သဲ့ဒုတိယပိုင်းကျမှ အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
Southern Myanmar - Delta United

သတင်းနှင့်ဓာတ်ပုံ စိုးညွှန့် (ကြေးမုံ)

နေ့ပြည်တော်မြန်မာ့အသံ

(တနင်္ဂနွေနေ့- နံနက်+နေ့လယ်+ည) (၃၁-၅-၂၀၀၉)

- ၆း၀၀ အဖွင့်တီးလုံး + နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၆း၅၅ တရားတော် (ရတနသုတ်) ဓမ္မပုဇာတေးပဒေသာ
- ၇း၃၀ (၃၈)မြောမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန်+သတင်း
- ၈း၁၀ သန်၌မင်းကျန်းမာကိုယ်ခန္ဓာ (ခန္ဓာကိုယ်အလေးချိန်ရဲ့၁၀% လျော့ချပြီး ပြန်မတို့အောင်ထိန်းလိုလျှင်)
- ၀း၁၀ မင်္ဂလာလက်ဆောင်
- ၀း၃၅ သတင်းစာအာဘော်
- ၀း၄၀ တေးစီရီး(ရွှေရင်ထဲက အကောင်းဆုံးတေးများ-ချိုပြုး)
- ၁း၀၀ နေ့လယ်ခင်းသတင်း
- ၁း၁၀ သုတစုံစွာသိမှတ်စရာ (လိပ်ပြာတောင်ပံ အရွယ်ရှိနေ စွမ်းအင်ခံပြားမှ ဓာတ်အားထုတ် လုပ်နိုင်)
- ၁း၂၀ တေးပဒေသာ
- ၁း၃၀ ဆိုကြေးမှော်ရွှင်တေးသံစဉ်(၁၀)
- ၁း၅၀ ကလေးအစီအစဉ် (ကလေးများ ကဗျာရွတ်ဆိုပြိုင်ပွဲ သားသားတို့ခေတ်တယ်လီဗုန်း)
- ၂း၂၅ နေ့လယ်ခင်းတေးပဒေသာ
- ၂း၃၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁) အိမ်ကလေး ၁၆လုံး- အမျိုးသားစာပေဆုရ နေ၀င်းမြင့် (၂) အချစ်ကြားစေသတည်း- သဲအောင်
- ၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၃း၁၀ တေးပဒေသာ
- ၃း၃၀ အစီအစဉ်ပြီး၏။
- ၄း၀၀ အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
- ၄း၂၀ ဆောင်းပါး (ဆေးလိပ်ဖြတ်မယ်ဆိုရင်)
- ၄း၃၀ သောတရွင်လိုရာတေး
- ၅း၀၀ မြတ်နိုးစရာကျေးဇူးတေးကဗျာ
- ၅း၂၅ သတင်းစာဆောင်းပါး
- ၅း၃၀ ညနေခင်းတေးပဒေသာ
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၀ တေးချစ်သူ့ရွေးသီတေးပန်းခို
- ၆း၂၅ လယ်ယာစီးပွား(ရွေ့ချည်-၆ ပါစိုက် ခင်းများ ပါပိုးနိုက် ကာကွယ်ပါ)
- ၆း၅၅ တေးပဒေသာ
- ၇း၀၀ နိုင်ငံတကာသတင်း
- ၇း၁၀ Talk on Line (ဟန်ထွန်း) နိုင်ငံရေးဦးတည်ချက်
- ၇း၃၀ ချစ်ခြင်းဖြေသိမ့် တေးသံမြိုမှ(၃)
- ၈း၀၀ ပြည်တွင်းသတင်း လပတ်မိုးလေဝသနှင့်ဇလဗေဒ
- ခန်မှန်းချက်
- ၈း၂၀ ဖျော်ဖြေသံကြေးသူ့အလှည့်တေး (N ကိုင်ရာ)
- ဧရိယာရေးဦးတည်ချက်
- လူမှုရေးဦးတည်ချက်
- ၉း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၉း၂၀ ညချမ်းချိန်ခံတေးပဒေသာ
- ၉း၃၀ ဧတော်မချွေးသောတေး
- ၁၀း၀၀ အဓိကစည်းပြီး၏။

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

ရန်ကုန် မေ ၃၀

ယနေ့နှင်နက် ဥရာရိုဒွေထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွှမ်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ခွင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျွန်ုပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြိုးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှတ်များမှာ** နေပြည်တော်တွင် ၁၁သမ ၀.၇လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၃၁သမ ၂.၇လက်မ၊ ပြင်ဦးလွင်မြို့တွင် ၃၁သမ ၁၀လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂၃သမ ၉၁လက်မ၊ ဟဲဟိုးမြို့တွင် ၂၃သမ ၄၀ လက်မ၊ မောင်တောမြို့တွင် ၂၃သမ ၃၆လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၂၃သမ ၀၉လက်မနှင့် တောင်ကြီးမြို့တွင် ၂၃သမ ၀၅လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ပှု အားကောင်းနေသည်။

မေ ၃၀ရက် ညနေထိ ခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ခွင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား ဒီးတစ်ချုန်းရွာပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပဝိတ္တယိပြင်တွင် ။ ။ မြန်မာ့ကမ်းနိုးတန်းစာရေးကွက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ ၆၀မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ ကမ်းနိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ပိုက်တွင် ယနေ့ မိုးတစ်ကြိမ်ခန့်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ မိုးတစ်ကြိမ်ခန့်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးစစ်တီကိုတွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၆ ဒသမ	သုညဒီဂရီစင်တီဂရိတ် (၇၉ ဒီဂရီဖာရင်ဟိုက်)	၂၉-၅-၂၀၀၉

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၆	ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	၃၀-၅-၂၀၀၉
၀၉း၃၀	နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း	၃၀-၅-၂၀၀၉
နေပူသည်နှုန်းပေါင်း	မရှိပါ	၂၉-၅-၂၀၀၉

မိုးရေချိန်

ရက်စွဲ	မော်လာမုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၀-၅-၂၀၀၉	၅၃မမ(၂၃သမ၀၉လက်မ)	၇၄မမ(၂၃သမ၀၁၀လက်မ)	၈၃မမ(၃၃သမ၂၇လက်မ)
၁-၁-၂၀၀၉မှ ယနေ့အထိ	၃၅၃မမ (၁၃၃သမ၉၀လက်မ)	၄၈၉မမ (၁၉၃သမ၂၂လက်မ)	၅၈၆မမ (၂၃၃သမ၀၇လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၅-၂၀၀၉ရက် ၂၃း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

နေပြည်တော်တိုင်းအတွင်း လယ်ယာကလွှဲပို့ပြုံးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး ဆည်မြောင်းစိမ်ကိန်းများ စနစ်တကျဆောင်ရွက်နေ

နိုင်ငံတော်၏ ၂၂၂ ခုမြောက် ဆည်မြောင်းစိမ်ကိန်းဖြစ်သည့် မဒန်းရေလှောင်တမံ တည်ဆောက်ပြီးစီးပွင့်လှစ်

ဆည်ကန်များတိုး၍ တည်ဆောက်ပေးနိုင်ခြင်းကြောင့် မိုးကောင်းသောက်မှ ရေစိတ်ချရသည့် ဆည်ရေသောက်အဖြစ်အသွင်ပြောင်းလာမည်

နေပြည်တော် မေ ၃၀

နေပြည်တော်လယ်ဝေးမြို့နယ်ရှိ မဒန်းရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် နေပြည်တော်လယ်ဝေးမြို့နယ် နန္ဒင်းကျင်းကျေးရွာအနီးရှိ မဒန်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါရေလှောင်တမံ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ မဒန်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နေပြည်တော်ခရိုင်နှင့် နေပြည်တော် လယ်ဝေးမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူ လယ်သမားများနှင့် ပြည်သူများ၊ တည်ဆောက်ရေး(၅)မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရေးဦးစွာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် မဒန်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၂၂ ခုမြောက် ဆည်မြောင်းစိမ်ကိန်းဖြစ်သကဲ့သို့ နေပြည်တော်တိုင်းအတွင်း၌ တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သော စိမ်ကိန်းများအနက် ၁၄ ခုမြောက် စိမ်ကိန်းဖြစ်ကြောင်း။

နေပြည်တော်တိုင်းအတွင်း၌ မူလက ဆည်၊ ကန်၊ ရေလွှဲဆည် ၃၂ ခု တည်ဆောက်ခဲ့ပြီးဖြစ်သည့်အတွက် ယခု မဒန်းရေလှောင်တမံအပါအဝင်ဆိုလျှင် ၃၃ ခုအထိ တိုးတက်ပြီးစီးလာပြီဖြစ်၍ ယခင် ဆည်ရေသောက် ၁၁၂၈၆၂ ဧကထက် တိုးတက်များပြားလာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃၀-၅-၂၀၀၉)

နေပြည်တော်	၁ ဒသမ ၀၂ လက်မ
ရန်ကုန် (မြို့လယ်)	၃ ဒသမ ၃၇ လက်မ
ပြင်ဦးလွင်	၃ ဒသမ ၁၁ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၉၁ လက်မ

ဖြိုနယ်ဦ့ဖြိုးသာယာလာသည့် ကွမ်းခြံကုန်းမြို့နယ်မှ မေဖွာကျေးဇူး

သတင်းဆောင်းပါး စာမျက်နှာ - ၁၀

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ တာဝီဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွရွှင်ရေးနှင့် ပညာရည်မြင့်မားရေး